ကတညုတာ ဇောတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၈)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမေရိကန်သမ္မတဟောင်းကွယ်လွန်ခြင်းအတွက် ဝမ်းနည်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အမေရိကန်သမ္မတဟောင်း မစ္စတာ ရော်နယ် ရေဂင် ကွယ်လွန်ခြင်းအတွက် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဂျော့ ဒဗလျူ ဘွတ်ရှ်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အလားတူ ဝမ်းနည်းကြောင်းသဝဏ်လွှာကို ကွယ်လွန်သူ သမ္မတဟောင်း မစ္စတာ ရော်နယ် ရေဂင်၏ဇနီး မစ္စစ် နန်စီ ရေဂင်ထံသို့လည်း ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

### တက်ရောက်အမှာစကားပြောကြား

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမျိုးသားကျန်းမာရေးကော်မတီ အကြိမ်(၄၀)မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

## နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု နေရာဒေသနှင့်အညီဆောင်ရွက်ပေး တောင်ပေါ်မြေပြန့် နယ်စပ်အစွန်အဖျားဒေသများပါ ကျန်းမာရေးစောင့်ရှောက် ပြည်သူ့ကျန်းမာရေး ကျေးလက်ဒေသအထိပြန့်ကြက်၍ တိုးချဲ့ဆောင်ရွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးတက်၊ပြည်ထောင်စုကြီးအစွန့်ရှည်ခိုင်မြဲ

ရန်ကုန် ဇွန် ၆

**အမျိုးသားကျန်းမာရေးကော်မတီ အကြိမ်(၄၀)မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း ကျန်းမာရေးဝန်ကြီးဌာနအဆောက်အအုံရှိ အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အစည်းအဝေးသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေးဆုံးဖြတ်ချမှတ်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ***စာမျက်နှာ ၉ ကော်လံ ၄*** ✻

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဇွန် ၆ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း သုံးထပ်တိုးချဲ့ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)**

**အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။**

မြန်မာ့အလင်း
**အယ်ဒီတာ့ အာဘော်**
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၇ ရက်)

# စီးပွားရေးဖွံ့ဖြိုးမှု ရေရှည်တည်တံ့ရေး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်

ဤကမ္ဘာကြီးတွင် လူသားမျိုးနွယ်ဟူ၍ စတင်ပေါ်ထွန်းစဉ်ကပင် လူသားများအသက်ရှင်နေနိုင်ရန်နှင့် သာယာဝပြောသောလူ့ဘောင်ကြီးဖြစ်လာရန်အတွက် သဘာဝအရင်းအမြစ်များနှင့် အင်အားစုများကို ထုတ်ယူ အသုံးပြုခဲ့ကြသည်။ လူ့သမိုင်း စတင်ခဲ့သည့် ရှေးဦးကျောက်ခေတ်မှ ယနေ့သတင်းအချက်အလက် ခေတ်အထိ လူတို့၏တီထွင်ကြံဆမှုဖြင့် မဖြစ်မနေ ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကြောင့် အတိုင်းအဆအားဖြင့် ကြီးမားကျယ်ပြန့်လှသော စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

မကြာသေးသော ဆယ်စုနှစ်များအတွင်း၌ သိပ္ပံနှင့်နည်းပညာ တိုးတက်မြင့်မားလာမှုကြောင့် ကမ္ဘာအဝန်းကြီးမားသည့် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ ဤအပြောင်းအလဲများထဲတွင် ကမ္ဘာကြီး၏ ရေမြေပတ်ဝန်းကျင် တောတောင်သဘာဝကို ထိခိုက်ပျက်စီးစေသော ဆိုးကျိုးများက ပိုများသည်ကို တွေ့မြင်နေရသည်။

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန်လ ၅ရက်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

**"မြန်မာနိုင်ငံအနေဖြင့်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပေါ်အထူးဂရုပြုအလေး ထားလျက်ရှိကြောင်း၊ ထိရောက်ကောင်းမွန်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းများ တိုးမြှင့်ရန် ရည်ရွယ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတစ်ရပ်ကို မကြာမီက ဖွဲ့စည်းခဲ့ကြောင်း၊ ဤကော်မတီနှင့် ၎င်း၏အထူးလုပ်ငန်း အဖွဲ့များသည် နိုင်ငံ၏ ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာကိစ္စများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြမှာဖြစ်ကြောင်း"**

ပြောကြားသွားသည်။

ကမ္ဘာ့နိုင်ငံများသည် လူ့ဘောင်လောကကြီး ရေရှည်တည်တံ့ရေးအတွက် ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်၏ အရေးပါသောအခန်းကဏ္ဍကို မီးမောင်းထိုး အသိပေးနှိုးဆော်ရန် ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို ကျင်းပကြခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာ့လူဦးရေသည် ၆ဒသမ၂ဘီလီယံရှိပြီး နေ့စဉ်နှင့်အမျှ တိုးပွားများပြားလာလျက်ရှိသည်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ သောက်သုံးရေမှအစ စားနပ်ရိက္ခာ၊ အိမ်ရာနှင့်စွမ်းအင်အစရှိသည့် လူ့အခြေခံလိုအပ်ချက်များလည်း ပိုပြီးလိုအပ်လာသည်။ လူသားများသည် မိမိတို့၏တိုးတက်များပြားလာသည့် လူ့လိုအပ်ချက်များကို ဖြည့်ဆည်းရန် ကြိုးပမ်းသည့်အခါတွင် အကန့်အသတ်နှင့်သာ ရှိနေသည့် သဘာဝသယံဇာတများကို မဆင်မခြင် တူးဖော်ထုတ်ယူသုံးစွဲခဲ့ကြသည်။

လူသားများ၏ မဆင်မခြင် ထုတ်ယူသုံးစွဲလုပ်ဆောင်မှုများကြောင့် ကမ္ဘာကြီးနှင့်တကွ ပတ်ဝန်းကျင် ရေမြေတောတောင်သဘာဝကို ထိခိုက်ယိုယွင်းစေခဲ့သည်။

ဤသို့ ယိုယွင်းထိခိုက်စေမှုများကို ကုစားရန် လွန်ခဲ့သော ဆယ်စုနှစ်သုံးစုခန့်က အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သဘောတူစာချုပ် အများအပြားကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတိုင်း၌လည်း အမျိုးသားပတ်ဝန်းကျင်အေဂျင်စီများနှင့် ဝန်ကြီးဌာနများ တည်ထောင်ခဲ့ပြီး ထိရောက်သောပတ်ဝန်းကျင်စီမံခန့် ခွဲမှုများကို မြှင့်တင် ဆောင်ရွက်လျက်ရှိကြသည်။ သို့သော်လည်း နိုင်ငံအများစုမှာ ပတ်ဝန်းကျင်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာထိန်းသိမ်းဆောင်ရွက်မှု အားနည်းခြင်း၊ နိုင်ငံရေးအရ အားတက်သရော ထောက်ခံအားပေးမှုအနေဖြင့် လည်းကောင်း၊ ငွေကြေးအထောက်အပံ့ အနေဖြင့်လည်းကောင်း တိကျသော အာမခံချက်များ၊ ကတိကဝတ်များမရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများ ဆက်လက် ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပိုင်းတွင် ကောင်းမွန်သော လက္ခဏာတစ်ခုမှာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု မရှိဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း မရှိနိုင်ဆိုသည့် သဘောတရားကို ကမ္ဘာက ပိုမိုလက်ခံလာကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရေး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန်နှင့် နိုင်ငံ၏ အဖိုးတန်သယံဇာတများ ရေရှည်အသုံးပြုသွားနိုင်ရေး တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ အောက်ဆီဂျင်အိုးများပေးလှူ

ရန်ကုန် ဇွန် ၆

**ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှု ကော်မတီမှ မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းပွဲကို မေ ၃၁ရက် မွန်းလွဲ ၂နာရီက အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးဒေါ်တင်တင်နွဲ့နှင့် ပြည်နယ်အသင်းကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာယဉ်ငြိမ်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ တိုင်းမှူး၏ဇနီးက ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးအတွက် အောက်ဆီဂျင်လေအိုးများ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ငွေကျပ်၇ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်လေအိုး ၁၀လုံးကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ငြိမ်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်(အနောက်ပိုင်း)ခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရုံးချုပ်) မိသားစု၏ သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၁ ရက်က ရုံးချုပ်ခန်းမတွင်ပြုလုပ်ရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌကိုယ်စားမော်တော်ယာဉ်လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမောင်စံနှင့် လုပ်ငန်းစစ်ဆေးရေးမှူး ဦးမြသောင်းတို့က ဆက်ကပ်လှူဒါန်းကြစဉ်။** (၁၂၉)

## အလှူတော်ငွေ ပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၆**

ဗုဒ္ဓဂယာဘုရားဖူးပြန်အလှူရှင်များနှင့် စေတနာရှင်တို့၏ စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို နယုန်လပြည့်ကျော် ၈ ရက် ဇွန် ၁၀ ရက် နံနက် ၈ နာရီတွင် သာသနာရေးဝန်ကြီးဌာန ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးကစ္စာယန အခန်း(၉) ပုဗ္ဗဝိဒေဟကျောင်းဆောင် ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ဖုန်း– ၆၆၆၁၄၈၊ ၀၉–၈၀–၂၄၈၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က မြို့နယ်ဒုတိယဦးစီးမှူး ဦးအောင်ဘော်သို့ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်စဉ်။** (၀၄၆)

## မြဝတီရုပ်မြင်သံကြား

**၇–၆–၂၀၀၄**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Second Year Notes (အင်္ဂလိပ်စာအထူးပြု– ဒုတိယနှစ်)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၇။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ် ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"** (အပိုင်း–၉)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားခြင်းမား"** (အပိုင်း–၈)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဇွန် ၅ ရက်က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော် ကြည်ညိုကြစဉ်။ (သတင်းစဉ်)

# ရွှေတိဂုံစေတီတော်နှင့်လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော် အမျိုးသားညီလာခံကိုယ်စားလှယ်များဖူးမြော်ကြည်ညို၊အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၆

**အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်နှင့် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်တို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။**

ရှေးဦးစွာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ အနောက်ဘက်စောင်းတန်းမှ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ရှေးဟောင်းရုပ်ပွားတော်တန်ဆောင်း၌ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းကြိုင်က ရွှေတိဂုံစေတီတော် သမိုင်းအကျဉ်းနှင့် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်မှု လုပ်ငန်းများ၊ ရွှေထီးတော်တင်လှူပူဇော်ခဲ့မှု မှတ်တမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ရွှေတိဂုံစေတီတော်အတွက် အလှူငွေ၁၆၄၉၉၅ ကျပ်ကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူးက လက်ခံယူသည်။

## လေ့လာကြည့်ရှု

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်နှင့် ရင်ပြင်တော်ပေါ်ရှိ သာသနိက အဆောက်အအုံများအား လှည့်လည်ကြည့်ရှု ဖူးမြော်ကြည်ညိုကြပြီး အလယ်ပစ္စယံ ရာဟုထောင့်ရှိ ဗုဒ္ဓဝင်ပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရိုန်အောင်ဖိုလ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ရှင်းလင်းပြောကြား

ထို့နောက် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး အရဏ်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရိုန်အောင်ဖိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရုပ်ပွားတော်ကြီးတည်ထားကိုးကွယ်မှု သမိုင်းအကျဉ်းနှင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ သာသနိကအဆောက်အအုံများ အကြောင်းကို လည်းကောင်း၊ ရုပ်ပွားတော်ကြီး ကျောက်သားနှင့်ကိုယ်တိုင်ထုဆစ်လှူဒါန်းသူ ကျောက်ဆစ်ပညာရှင် ဦးတော်တော်က ရုပ်ပွားတော်ကြီးဖြစ်ပေါ်လာပုံနှင့် လှူဒါန်းရခြင်း အကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အလှူငွေ ၁၁၃၇၈၅ကျပ်ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

## ဖူးမြော်ကြည်ညို

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး မင်းဓမ္မကုန်းတော်ပေါ်ရှိ မဟာအတုလပတ္တနိလာသပိတ်တော်၊ ကျောက်ဆစ်ဗုဒ္ဓပါဒ ခြေတော်ရာ နှစ်ဆူနှင့် သာသနိက အဆောက်အအုံများကို ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မင်းဓမ္မလမ်းရှိ ရတနာဆင်ဖြူတော် ဥယျာဉ်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တာဝန်ခံ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရာဇဂဟသိရီပစ္စယဂဇ ရာဇာ ရတနာဆင်ဖြူတော်၊ သိင်္ဂီမာလာ ရတနာဆင်ဖြူတော်နှင့် ရတီမာလာ ရတနာဆင်ဖြူတော်တို့နှင့် စပ်လျဉ်းသည်များနှင့် ရတနာဆင်ဖြူတော်များ ထိန်းသိမ်းစောင့်ရှောက်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြပြီး နံနက်၁၀နာရီ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ဇွန် ၅ ရက်နေ့က အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

# ရွှက်လွှင့်အောင်လံ သန္နိဋ္ဌာန်

ခုနစ်တန် အဆင့်ဆင့်<br>
တွေးချင့်လို့ စီမံ<br>
ချိန်မှန်မှန် အရှိန်မြင့်<br>
ရွက်လွှင့်ရေဆန်၊<br>
ပင်ချင်းယှက် နွယ်ဆက်အားမာန်<br>
ညီလာခံ ထင်အရှား<br>
သွေးရင်းချာ ညီနောင်များ<br>
အလွှာစုံ တစ်မြေသား<br>
အောင်လံလွှင့် ဝင့်ဝင့်ကြွား<br>
ပြည်ထောင်စု အကျိုးစီးပွား<br>
ဦးထိပ်မှာထား။

ပန်းတိုင်ဆီ ရွှေပြည်ကြီး<br>
တစ်လှေစီး ခရီးနှင်<br>
သုံးလွန်းတင် လက်ချင်းယှက်<br>
ရွက်တက်စုံလင်၊<br>
ရွက်ကျိုးဖို့ လေထန်လာလျှင်<br>
တက်လက်ပြင် လှော်ခတ်အား<br>
အငူမော် ဂယက်များ<br>
တက်ကျိုးစေ ရတက်မပွား<br>
လက်ကိုပင် လှော်တက်အလား<br>
မလျှော့မာန်အား။ ။

ကျော်ခေါဟန်

# အမျိုးသားညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးရုပ်ရှင်ဖြင့်ဖျော်ဖြေ

ရန်ကုန် ဇွန် ၆

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှ စတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ သီဟတင်စိုးရိုက်ကူးပြီး သရုပ်ဆောင် သီဟတင်စိုးကိုယ်တိုင်ပါဝင်၍ အောင်လွင်၊ ဇင်မာဦးနှင့် အောင်ခိုင်တို့ ပါဝင်သရုပ်ဆောင်သည့် ‘ငရဲသား’ ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ ကိုယ်ကာယလေ့ကျင့်ရေးစခန်း၌ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များအား သက်သာချောင်ချိရေးအတွက် အရောင်းဆိုင်များက နေ့စဉ် ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

# အမျိုးသားညီလာခံကိုယ်စားလှယ်များအားကစားလေ့ကျင့် ကုန်ပစ္စည်းဆိုင်များပိတ်ရက်မရှိရောင်းချပေးနေ

ရန်ကုန် ဇွန် ၆

**အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်စောစောပိုင်းမှစတင်ကာ နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ စားပွဲတင်တင်းနစ်ကစားခြင်း၊ အလေးမခြင်း၊ လမ်းလျှောက်ခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက်ခြင်း၊ ဘိလိယက်ခန်းမ၌ ဘိလိယက်ကစားခြင်း၊ အမျိုးသား အမျိုးသမီး ကိုယ်ကာယလေ့ကျင့်ရေးခန်း၌ ကိုယ်ကာယလေ့ကျင့်ခြင်းစသည်တို့ကို မိမိတို့ကျန်းမာရေးအတွက် ဝါသနာပါရာအားကစားနည်းအလိုက် စုပေါင်း၍လည်းကောင်း၊ တစ်ဦးချင်းအလိုက်လည်းကောင်း လေ့ကျင့်ကြသည်။**

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သောကုန်ပစ္စည်းအမယ် ၃၀၀ကျော်ကို ဝင်းသူဇာအရောင်းဆိုင်က နေ့စဉ်ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

ထို့အတူဝန်ထမ်းပေါင်းစုံသမဝါယမအသင်း(ဂျီအီးစီ)အရောင်းဆိုင်ကလည်း စားကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊အထည်အလိပ်ပစ္စည်းများ၊ စာရေးကိရိယာနှင့် စာနယ်ဇင်းများကို နေ့စဉ်ပိတ်ရက်မရှိရောင်းချပေးလျက်ရှိသည်။

ထို့အပြင် ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး မျက်မှန်ကျွမ်းကျင်(အငြိမ်းစား)ဝန်ထမ်းများဦးစီးသော မြန်မာမျက်မှန်ဆိုင်က ခေတ်မီစက်ကိရိယာများဖြင့် အခမဲ့ မျက်စိစမ်းသပ်ပေးခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခြင်း၊ ရောင်းဈေးပေါ်တွင် ၁၀ရာခိုင်နှုန်းလျှော့၍ မျက်မှန်များရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

စာပေဗိမာန် စာအုပ်အငှားဆိုင်ကလည်း အမျိုးသားညီလာခံကိုယ်စားလှယ်များ လေ့လာဖတ်ရှုနိုင်ရန် ရည်ညွှန်းစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုနှင့် သုတရသစာအုပ်များကို ငှားရမ်းပေးသည့်အပြင် စာပေဗိမာန် စာမူဆုရစာအုပ်များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

(သတင်းစဉ်)

ဘဂ္ဂဒက်မြို့တွင် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရပြီး နောက် အမေရိကန်ဟမ်းဗီးစစ်ယာဉ်တစ်စီး မီးလောင် နေသည်ကို ဇွန် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်မြို့တွင်းသို့ ဖြတ်သန်းသွားသော ကန်ဟမ်းဗီးယာဉ် ဒုံးပစ်လောင်ချာဖြင့်တိုက်ခိုက်ခံရ၍ တပ်ဖွဲ့ဝင်ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၅

**ဘဂ္ဂဒက်မြို့တွင်းသို့ ဖြတ်သန်းမောင်းနှင်သွားသော အမေရိကန်စစ်ယာဉ်တစ်စီးသည် သောကြာနေ့က တိုက်ခိုက် ခံရပြီး အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။**

### ဒဏ်ရာရ

အဆိုပါ ဟမ်းဗီးယာဉ်တိုက်ခိုက်ခံရသဖြင့် ကားပေါ်၌ လိုက်ပါလာသူ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာ ရရှိသွားကြောင်း ဘဂ္ဂဒက် အခြေစိုက် အမှတ်(၁) တပ်ရင်းမှ ပြောခွင့်ရပုဂ္ဂိုလ် ဒုတိယဗိုလ်မှူးကြီး ဂျိမ်းစ်ဟွတ်တန်က ပြောကြားသည်။

### ပစ်ခတ်

ပြောက်ကျားများက ၎င်းယာဉ်ကို ဘဂ္ဂဒက်အရှေ့ပိုင်းသို့ ဖြတ်သန်း မောင်းနှင်သွားစဉ်အတွင်း ဒုံးပစ် လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ဒေသနေ မျက်မြင်တွေ့ရှိ သူများက ပြောကြားသည်။

ပျက်စီးသွားသော ဟမ်းဗီးယာဉ်မှာ မီးတောက်နှင့် မီးခိုးလုံးများက ဝိုင်းရံ လျက်ရှိနေစဉ်တွင် အခြားသော အမေ ရိကန် တပ်ဖွဲ့ဝင်များက အဆိုပါ မြင်ကွင်းကိုပိတ်ဆို့ထားကြပြီး ဒဏ်ရာရ တပ်ဖွဲ့ဝင်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်ဟု ၎င်းတိုက်ခိုက် ခံရသည့်နေရာရှိ ရိုက်တာသတင်း ထောက်များက ပြောကြားသည်။

အီရတ်နိုင်ငံ၌ ကင်းလှည့်သွားသော အမေရိကန်စစ်ယာဉ်တန်းများကို လမ်း ဘေး ထောင်ချောက်ဗုံးများ အသုံးပြု၍ မကြာခဏ တိုက်ခိုက်လျက်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

## အကျဉ်းသားဓာတ်ပုံများ ထုတ်ပြန်ပေးရန် တောင်းဆို

**ဘဂ္ဂဒက် ဇွန် ၄**

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်း ထောင်ရှိ အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်သည့် ဗီဒီယိုမှတ် တမ်းဓာတ်ပုံများကို ထုတ်ပြန်ပေးရန် အမေရိကန် စစ်မှုထမ်းဟောင်းများနှင့် အခြားအဖွဲ့အစည်းများက တောင်းဆို လိုက်ကြသည်။

ထို့အပြင် ယင်းအီရတ်အကျဉ်းသား အရေးကိစ္စနှင့် ပတ်သက်ပြီး နောက် ဆက်တွဲ စုံစမ်းမှုများကို အမေရိကန် ကာကွယ်ရေးနှင့် တရားရေးဌာနမှ ထုတ်ပြန်ပေးရန် အပြင် စစ်ဘက် ဆိုင်ရာ စုံစမ်းမေးမြန်းမှု မူဝါဒများကို ပြည်သူတို့အား အသိပေးစေလိုကြောင်း ၎င်းအဖွဲ့အစည်းများက ဆက်လက် တောင်းဆိုခဲ့သည်။ လွန်ခဲ့သည့် ၂၀၀၂ ခုနှစ်ကစပြီး အီရတ်နှင့် အာဖဂန် နစ္စတန် ထိန်းသိမ်းရေးဌာနများတွင် အနည်းဆုံးအထိန်းသိမ်းခံ ၃၇ ဦးသေဆုံး ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက ဝန်ခံပြောကြားခဲ့သည်။

**(အင်အိပ်ချ်ကေ)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အီရတ်နိုင်ငံ အမြန်ဆုံးပုံမှန်အတိုင်းဖြစ်ရန်မှာ လူတိုင်းဆန္ဒဖြစ် ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ်က သမ္မတဘုရှ်ကို ပြောကြား

ဗာတီကင်စီးတီး ဇွန် ၅

**အီရတ်တို့အနေဖြင့် အချုပ်အခြာအာဏာ မြန်မြန်ထက်ထက်ပြန်ရရန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်သည့်အတွက် တုန်လှုပ်ချောက်ချားမိကြောင်း ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ်က သမ္မတဂျော့ဒဗလျူဘုရှ်ကို သောကြာနေ့က ပြောကြားလိုက်သည်။**

အီရတ်၌ လက်ရှိဖြစ်ပေါ်နေသောအခြေအနေသည် နိုင်ငံတကာ ဆိုင်ရာ အသိုင်းအဝိုင်း အထူးသဖြင့် ကုလသမဂ္ဂအဖွဲ့အစည်း၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုနှင့်အတူ အမြန်ဆုံး ပုံမှန်အတိုင်း ဖြစ်စေရမည်မှာ လူတိုင်း၏ဆန္ဒဖြစ်သည်ဟု အသက် ၈၄ နှစ်ရှိပြီ ဖြစ်သော ဂျွန်ပေါလ်က ပြောကြားသည်။ ပုပ်ရဟန်းမင်းကြီးသည် လွန်ခဲ့သည့်နှစ်၌ အီရတ်ကိုဆင်နွှဲခဲ့သော အမေရိကန်ဦးဆောင်သည့် စစ်ပွဲကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်ခဲ့သူဖြစ်သည်။ ၎င်းသည် ဘုရှ်နှင့် ဗာတီကင်တွင် တွေ့ဆုံခဲ့ရာ၌ ထောင်ပေါင်းများစွာသော ရဲတပ်ဖွဲ့ဝင်များက ရောမမြို့၏ လမ်းမကြီးများတွင် တန်းစီစောင့်ကြပ် ပေးထားရပြီး စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများက သမ္မတ လာရောက် လည်ပတ်မှုကို ကန့်ကွက်ခဲ့ကြသည်။

**အမ်အင်အေ၊ရိုက်တာ**

## အီရတ်၌ နိုင်ငံစုံတပ်ဖွဲ့ထားရန် အီရတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ဘဂ္ဂဒက် ဇွန် ၅

**ယခုလကုန်၌ အမေရိကန်တို့က အီရတ်တို့ထံ အချုပ် အခြာအာဏာ လွှဲပြောင်းပေးပြီးနောက်ပိုင်း အီရတ်နိုင်ငံ တွင်း ပြည်တွင်းစစ်ပဋိပက္ခများ တားဆီးနိုင်ရန် အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ အီရတ်၌ထားရှိရန် အီရတ်နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ၌ ပြောကြားခဲ့သည်။**

အလားတူ အမေရိကန်ပြည်ထောင်စုကလည်း အီရတ် အစိုးရသစ်နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းသစ်များ လုပ်ကိုင်ရန် မျှော်လင့်နေကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက ပြောကြားခဲ့သည်။

### ဘဝင်မကျ

သို့ရာတွင် ပြင်သစ်၊ ရုရှား၊ တရုတ်နှင့် ဂျာမနီနိုင်ငံ တို့က အီရတ်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်နှင့် ပတ်သက်ပြီး ဘဝင်မကျဖြစ်ကာ ဆုံးဖြတ်ချက်အတိအကျကို သိရှိလိုပြီး မေးခွန်းများလည်း ဖြစ်ပေါ်လျက်ရှိနေသည်။

### လိုလား

အီရတ်နိုင်ငံအနေဖြင့် နိုင်ငံစုံမှတပ်ဖွဲ့များ လိုအပ် သော်လည်း အခြားတစ်ဖက်၌လည်း ၎င်းတို့ တပ်စွဲမည့် ကာလနှင့်ပတ်သက်ပြီး တိကျခိုင်မာသည့် ဆုံးဖြတ်ချက်မျိုး လိုလားကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးက ဆက်လက် ပြောကြားခဲ့သည်။

ဤကိစ္စနှင့်ပတ်သက်ပြီး နယူးယောက်မြို့တွင် ၎င်းတို့ ရက်အနည်းငယ် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(စီအင်န်အင်န်)**

## အယောက် ၄၀ မြောက် ကန်သမ္မတဟောင်း ရော်နယ်ရေဂင် ကွယ်လွန်

**လော့စ်အိန်ဂျလိစ် ဇွန် ၆**

အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်(၉၃)နှစ် သည် ဦးနှောက် ပုံမှန်အလုပ်မလုပ်သည့် မှတ်ဉာဏ် ချို့ယွင်းမှုရောဂါကို ၁၀နှစ်ကြာမျှ ခံစားခဲ့ရပြီးနောက် စနေနေ့၌ ကွယ်လွန်သွားခဲ့သည်။

သမ္မတဟောင်းရေဂင်သည် ရုပ်ရှင်သရုပ်ဆောင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ရာမှ နိုင်ငံရေးလောကသို့ ကူးပြောင်းလာခဲ့သူ ဖြစ်သည်။

သမ္မတဟောင်းရေဂင်သည် အမေရိကန်ပြည်ထောင်စု ၏ အယောက် ၄၀ မြောက် သမ္မတဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

## အီရတ် အရပ်သားများအား ကန်တို့နှိပ်စက်နေ ကုလသမဂ္ဂ ထိပ်တန်းအရာရှိ ပြောကြား

**ဂျီနီဗာ ဇွန် ၅**

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် သာမန် အီရတ်အရပ်သားများအား နှိပ်စက်နေကြကြောင်း အမေရိကန်နှင့်အပေါင်းပါတို့ ပြုမူဆက်ဆံပုံများကို စုံစမ်းလေ့လာတင်ပြရန် နိုင်ငံတကာစုံစမ်းလေ့လာရေးပုဂ္ဂိုလ်တစ်ဦး ရွေးချယ်ရန်အတွက် ဆော်သြခဲ့ကြောင်း ကုလ သမဂ္ဂ ထိပ်တန်းလူ့အခွင့်အရေးဆိုင်ရာ ပုဂ္ဂိုလ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

လူ့အခွင့်ရေးဆိုင်ရာ ယာယီအဆင့်မြင့်ကော်မရှင် ကားထရန်းရမ်းချာရန်းက ပြောဆိုရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည့် အစီရင်ခံစာသစ်တစ်စောင်ကိုလည်း အကြံပြုတင်ပြထားသည်။ ယင်းကိစ္စသည် အလွန်ဆိုးရွားသည့် လူ့အခွင့်အရေးပြဿနာများဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အမေရိကန်ဦးဆောင်တပ်များက အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပွားလျက်ရှိသော ဖြစ်ရပ်များဖြစ်သည့် ဖမ်းဆီးမှုနှင့်တင်းမာမှုများ ပြောကြားသည့် ၎င်း၏ ဂျီနီဗာရုံးများအဖွဲ့က အီရတ်တို့အား တွေ့ဆုံမေးမြန်းချက်များကို ကိုးကားလျက် ကုလသမဂ္ဂ လူ့အခွင့်ရေးကော်မရှင်က သတင်းကြေညာချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်သည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများအား ညှဉ်းပန်းနှိပ်စက်မှု အစီရင်ခံစာအမျိုးမျိုးကို ကိုးကား၍ ဖော်ပြထားခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

## လုံခြုံရေးစောင့်ကြပ်

**ဘဂ္ဂဒက်မြို့တောင်ဘက် ဘဂ္ဂဒက်လေဆိပ်သို့ သွားသည့် အဝေးပြေးလမ်းမတစ်ခုတွင် အီရတ် တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော မော်တော်ယာဉ်နှစ်စီးအနီး စစ်ယာဉ်များဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေ ရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# နိုင်ငံခံ့တပ်ဖွဲ့များ အီရတ်၌အချိန်အနည်းငယ်ကြာ ဆက်ရှိနေမည်ဆိုမှု အီရတ်ဝန်ကြီးချုပ်သစ်၏ မိန့်ခွန်းကို ပြည်သူတို့သံသယရှိ

ဘဂ္ဂဒက် ဇွန် ၅

**အီရတ်နိုင်ငံ၌ ယမန်နေ့က အီရတ်ကြားဖြတ်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်သစ်က အီရတ်ပြည်သူများကို မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပြီး ယင်းနေ့၌ပင် ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်ခံရမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တို့ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိခဲ့ကြောင်း သိရှိရသည်။**

ရွေးချယ်ခံရသူဝန်ကြီးချုပ်သစ်အလာ့ဝီက နိုင်ငံပြန်လည်ထူထောင်ရေးတွင် အီရတ်ပြည်သူတို့ထောက်ခံမှု လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**သံသယ**

ဝန်ကြီးချုပ်သစ်က နိုင်ငံပေါင်းစုံတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှာ အချိန်ကာလအနည်းငယ်ကြာကြာ ဆက်လက်တပ်စွဲထားဦးမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ရာ အီရတ်ပြည်သူများစွာက ထိုကိစ္စနှင့် ပတ်သက်ပြီး သံသယရှိခဲ့ကြသည်။

**သေဆုံး**

ဤအတောအတွင်း ဘဂ္ဂဒက်မြို့၌ အမေရိကန်စစ်ဘက်မော်တော်ယာဉ်တစ်စင်း ဒုံးပစ်လောင်ချာထိမှန်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## ပစ်ခတ်

**ဘဂ္ဂဒက်မြို့ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားများအား ဇွန် ၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရတ်အကျဉ်းသားတစ်ဦးကို ဗို့အား၁၁၀ဖြင့် ဓာတ်လိုက်အောင်ပြုလုပ်မှု ပြစ်မှုထင်ရှားသဖြင့် ကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးကို ထောင်ဒဏ်အပြစ်ပေး

ဝါရှင်တန် ဇွန် ၅

**အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးအား ဘဂ္ဂဒက်တောင်ဘက်ရှိ အကျဉ်းထောင်တစ်ခု၌ အီရတ်အကျဉ်းသားတစ်ဦးကို ဗို့အား ၁၁၀ဖြင့် ဓာတ်လိုက်အောင်လုပ်သည်ဆိုသော စွပ်စွဲချက်တွင် မှန်ကန်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ထောင်ဒဏ်ကျခံစေရန် စီရင်ချက်ချလိုက်သည်ဟု မရိန်းတပ်ဖွဲ့က ကြာသပတေးနေ့၌ ပြောကြားသည်။**

ထို့အဖြစ်အပျက်သည် မာမူဒီယာအကျဉ်းစခန်း၌ ဖြစ်ပွားခဲ့ခြင်းသည် ဘဂ္ဂဒက်မြို့စွန်ရှိ အဘူဂါရိပ်အကျဉ်းထောင်၌ အမေရိကန်တပ်များက အီရတ် အကျဉ်းသားများကို မတရားနှိပ်စက်ခဲ့ပြီးနောက် လများကြာပြီးမှ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မရိန်းတပ်ဖွဲ့ဝင် အင်ဒရူးစတင်းနှင့် ဂျယ်ရီမီယာ ထရက်ဖ်နီတို့ နှစ်ဦးစလုံးက မေလ ၁၄ရက်တွင် အီရတ်ရှိ စစ်ခုံရုံး၌ ၎င်းတို့ကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့ကြသဖြင့် ၎င်းတို့အား ထောင်ဒဏ်အပြစ်ပေးလိုက်ကြောင်း သိရသည်။

အစစ်ခံချက်အရ အကျဉ်းသားများက အဆိုပါ မရိန်းတပ်ဖွဲ့ဝင်များကို အမှိုက်သရိုက်များဖြင့် ပစ်ပေါက်ခြင်း၊ စကားကျယ်ကျယ် ပြောခြင်းများ ပြုလုပ်ခဲ့ကြခြင်းကြောင့် ယင်းသို့ ဓာတ်လိုက်အောင်လုပ်ခြင်းဖြစ်သည်ဟု သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

## မြန်မာ့အလင်း
## နိုင်ငံတကာ သတင်းများ

# ကန်ထောက်လှမ်းရေးသတင်းများအပေါ် စုံစမ်းစစ်ဆေးမှု ဆီးနိတ်လွှတ်တော်၏အစီရင်ခံစာ မကြာမီထုတ်ပြန်မည်

**ဝါရှင်တန် ဇွန် ၅**

အီရတ်စစ်ပွဲမဆင်နွှဲမီ အီရတ်ရှိ အစွမ်းထက်လက်နက်များနှင့်ပတ်သက်သည့် ထောက်လှမ်းရေးသတင်းအချက်အလက်များအပေါ် စုံစမ်းစစ်ဆေးမှုဆိုင်ရာ ဆီးနိတ်လွှတ်တော် ကော်မရှင်၏ တွေ့ရှိချက်အစီရင်ခံစာကို မကြာခင်ထုတ်ပြန်တော့မည်ဖြစ်သည်။

အဆိုပါ အစီရင်ခံစာမှာ အမေရိကန်ထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ)၏ မှားယွင်းမှုများ၊ အားနည်းချက်များကို ပြင်းပြင်းထန်ထန် ထောက်ပြဝေဖန်ထားခြင်းကြောင့် စီအိုင်အေအကြီးအကဲ ဂျော့ချ်တီနက် နုတ်ထွက်ရသည့် အကြောင်း တစ်ရပ်ဖြစ်နိုင်ကြောင်း သိရသည်။

**အသုံးပြု**

၂၀၀၂ ခုနှစ် အောက်တိုဘာလအတွင်း စီအိုင်အေကရရှိသော ထောက်လှမ်းရေး သတင်းများအပေါ် အခြေခံကာ အီရတ်သမ္မတဟောင်း ဆက်ဒမ်သည် ဓာတုဗေဒနှင့် ဇီဝဗေဒလက်နက် အစီအစဉ်ကို ပြန်လည်စတင်နေ ကြောင်း တင်ပြခဲ့သည်။ သို့ရာတွင် ဆီးနိတ်လွှတ်တော် စစ်ဆေးမှုအရ ခိုင်မာမှုမရှိသော မှန်းဆချက်များအပေါ် အခြေပြုပြီး ပေးပို့သော သတင်းမှားများသာ ဖြစ်ကြောင်း တင်ပြသည့် သတင်းခိုင်မာစေရန် နာမည်ခွဲမြောက်မြားစွာအသုံးပြုထားကြောင်း တွေ့ရှိရသည်။

ထို့ပြင် အီရတ်၌ ရွှေ့ပြောင်းနိုင်သည့်လက်နက်ထုတ်လုပ်ရေးဆိုင်ရာ ဓာတ်ခွဲခန်းများအကြောင်း သတင်းပေးသူ များအနက် တစ်ဦးမှာ လုပ်ကြံချဲ့ကား ပြောကြားသူဖြစ်ကြောင်း သတိပေးချက်များကို လျစ်လျူရှုကာ စီအိုင်အေအဖွဲ့သည် သတင်းပေးများကို တွေ့ဆုံမေးမြန်းမှုမပြုခဲ့ကြောင်းလည်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

**စစ်ဆေး**

အဆိုပါ မမှန်ကန်သည့် သတင်းများကို အခြေပြုကာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ကုလသမဂ္ဂ၌တင်ပြခဲ့ရာ မှားယွင်းကြောင်း ဝန်ခံခဲ့ရသည်။ လွှတ်တော်ကော်မရှင်ဥက္ကဋ္ဌက ထောက်လှမ်းရေးအချက်အလက်များ မှားယွင်းမှုအတွက် တစ်စုံတစ်ယောက်က တာဝန်ယူသင့်ကြောင်း တီနက် မနုတ်ထွက်မီပြောကြားခဲ့သည်။ ယခုလအစောပိုင်း၌ ယင်းအစီရင်ခံစာကို လူထုသို့ ထုတ်ပြန်ဖွယ်ရှိကြောင်းနှင့် အီရတ် အစွမ်းထက်လက်နက်များဆိုင်ရာ ခြိမ်းခြောက်မှုများသည် စစ်ပွဲဖြစ်ပွားစေအောင် ခိုင်လုံမှုမရှိဆိုသည့် အချက်နှင့် မူဝါဒချမှတ် သူထိပ်တန်းတာဝန်ရှိသူများကို အဓိကထားစစ်ဆေးမှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# အီရတ်အနာဂတ်ကို ဆုံးဖြတ်မည့် ကုလဆုံးဖြတ်ချက်အတည်ပြုရေး အီရတ်နိုင်ငံပါဝင်သင့်ဟု ကုလ၌ အီရတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား

ကုလသမဂ္ဂ ဇွန် ၄

**အီရတ်ဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်မူကြမ်းအား အတည်ပြုရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးစဉ် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှိရာဇာဘာရီလည်း ယင်းအစည်းအဝေးကို တက်ရောက်ခဲ့ကြောင်း သိရသည်။**

စစ်ဒဏ်ခံ အီရတ်နိုင်ငံ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို အတည်ပြုရေးတွင် အီရတ်နိုင်ငံလည်း ပါဝင်သင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဇာဘာရီက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံနှင့် နိုင်ငံသားများ၏ လိုလားချက်ဆန္ဒများကို ကုလသမဂ္ဂတွင် ဇာဘာရီက တင်ပြမည်ဖြစ်သည်။

အဆိုပါ ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းတွင် အမေရိကန်နှင့် ဗြိတိန်တို့က ပြင်ဆင်ချက်များ ထပ်မံဖြည့်သွင်းခဲ့သော်လည်း နောက်ထပ် ပြင်ဆင်ဖြည့်စွက်ချက်များ လိုအပ်သေးကြောင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီဝင်နိုင်ငံများက လိုလားနေကြသည်။

အထူးသဖြင့် အဆိုပါ မူကြမ်းအား အမေရိကန်တပ်ဖွဲ့က ပေးအပ်လာမည့်အမိန့်ကို အီရတ်ကို အီရတ် ကာကွယ်ရေးတပ်ဖွဲ့က ငြင်းဆန်နိုင်ခွင့်ရှိ မရှိဆိုသည့်အချက်ကို ဖော်ပြစေလိုကြောင်း သိရသည်။ **(စီစီတီဗွီ)**

# ကန်တပ်ဖွဲ့ရှိ အပျော်တမ်းတပ်ဖွဲ့ဝင်များအား စစ်မှုထမ်းသက်တိုးမှု မိသားစုများမကျေနပ်

**ဘဂ္ဂဒက် ဇွန် ၅**

တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းသည် တပ်ဖွဲ့ဝင်များအတွက် အသက်အန္တရာယ်စိုးရိမ်ဖွယ်ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့၌တာဝန်ထမ်းဆောင်နေသော အပျော်တမ်းတပ်ဖွဲ့ဝင်များအား ဆက်လက်တာဝန်ထမ်းဆောင်ရန် အမိန့်ကိုသာ အသုံးပြုနေရသည်။

အမေရိကန်က စတင် ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခဲ့သည့် အီရတ်၊ အာဖဂန်စစ်ပွဲတွေ၌ အပျော်တမ်းတပ်ဖွဲ့ဝင်များကို တစ်နှစ်တာဝန်ထမ်းဆောင်ရန် လက်မှတ်ရေးထိုးခဲ့သော်လည်း ဥပဒေအရ တစ်နှစ်ခွဲအထိ ထပ်မံတိုးမြှင့်နိုင်ကြောင်း သိရသည်။

ယခုကဲ့သို့ စစ်မှုထမ်းရန် သက်တမ်းတိုးမြှင့်မှုအပေါ် စစ်သည်များ၏ မိသားစုများက မကျေမနပ် ဖြစ်နေကြသည်။ အပျော်တမ်းတပ်ဖွဲ့ဝင်များကို အန္တရာယ်ထူပြောသော စစ်မြေပြင်၌ တာဝန်ထမ်းဆောင်စေခြင်းသည် မမျှတကြောင်း ဝေဖန်ကြသည်။ **(စီအင်န်အင်န်)**

**ပြင်သစ်နိုင်ငံပါရီမြို့သို့ အမေရိကန်သမ္မတဘုရှ်အလည်အပတ်လာရောက်သည်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြနေသူများအား ဇွန် ၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# နာဂျက်ဖ်နှင့်ကူဖာ၌ ကန်နှင့်အပေါင်းပါတပ်များအစား အီရတ်ရဲတပ်ဖွဲ့ဝင်များက တာဝန်လွှဲပြောင်းယူပြီး ကင်းလှည့်ကြမည်

**နာဂျက်ဖ် ဇွန် ၅**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်နေသော နာဂျက်ဖ်နှင့် ကူဖာမြို့တို့ကို အီရတ်ရဲတပ်ဖွဲ့ဝင်များက ယခုအခါ လွှဲယူစောင့်ကြပ်တော့မည်ဖြစ်ကြောင်း နာဂျက်ဖ်အုပ်ချုပ်ရေးမှူးက ယမန်နေ့နံနက်က ထုတ်ပြန်ကြေညာလိုက်သည်။ ဒေသတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခေါင်းဆောင်အယ်လ်ဆာဒါအား သစ္စာခံသော အီရတ်လက်နက်ကိုင်များအကြား သီတင်းခြောက်ပတ်ကျော်ခန့် တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ပိုမိုပြင်းထန်လာနေသည့်အတွက် ယခုလိုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်မှုများအတွင်း လက်နက်ကိုင်ရာနှင့်ချီကာ သေဆုံးခဲ့ရကာ အရပ်သားအများအပြားလည်း သေဆုံးခဲ့ရပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ ယခုအခါ နာဂျက်ဖ်နှင့်ကူဖာမြို့တွင်း အီရတ်ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်မှုကို ယနေ့ညနေပိုင်းမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဘာသာရေးဆိုင်ရာ နေရာပတ်ဝန်းကျင်များကို အလေးပေးစောင့်ကြပ်သွားမည်ဖြစ်ကြောင်း နာဂျက်ဖ်အုပ်ချုပ်ရေးမှူးက ထုတ်ပြန်ကြေညာခဲ့ပြီး အပြန်အလှန်အားဖြင့် အမေရိကန်တပ်ဖွဲ့များ မြို့တွင်းမှ ဆုတ်ခွာပေးရမည်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## လွန်ခဲ့သည့်နှစ် ၆၀က ကန်တပ်ဖွဲ့ဝင်များကို အီတလီတို့ ကြိုဆိုခဲ့ကြသော်လည်း လက်ရှိကန်တပ်ဖွဲ့ဝင်တို့၏လုပ်ရပ်ကြောင့် ဘုရှ်ကို အီတလီတို့ဒေါသထွက်ကြ

ရောမ ဇွန် ၅

အီတလီလူမျိုးများသည် လွန်ခဲ့သည့် နှစ် ၆၀၌ အမေရိကန်တပ်ဖွဲ့ဝင်များ ရောမမြို့ထဲတွင် ချီတက်လမ်းလျှောက်ကြသည့်အခါက လွတ်မြောက်စေသူများအဖြစ် ကြိုဆိုခဲ့ကြသော်လည်း အီရတ်၌ လက်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်ကြောင့် သမ္မတဂျော့ဒဗလျူဘုရှ် သောကြာနေ့က ရောမမြို့သို့ လာရောက်သည့်အခါ အကြီးအကျယ် ဒေါသထွက်ခဲ့ကြသည်။

**ကန့်ကွက်**

သောကြာနေ့အစောပိုင်း၌ သမ္မတဘုရှ် ရောမမြို့သို့ ရောက်ရှိလာရာတွင် အကြမ်းဖက်ဆန္ဒပြမှုများ ပိုအရှိန်မြင့်လာခဲ့သည်။ သမ္မတဘုရှ် နှစ်ရက်ကြာ လာရောက်စဉ် အကြမ်းဖက်မှုများဖြစ်မည်ကို စိုးရိမ်ကြောင်း ဝန်ကြီးချုပ်ဆင်လ်ဗီယို ဘာလူစကိုနီက ပြောကြားသည်။ လွန်ခဲ့သည့်နှစ်တွင် အမေရိကန် ဦးဆောင်ပြီး အီရတ်ကို ကျူးကျော် တိုက်ခိုက်ခဲ့ချိန်က အီတလီအများစုသည် ထိုကျူးကျော်စစ်ပွဲကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး အီရတ်ရှိ အီတလီတပ်ဖွဲ့ဝင် ၂၇၀၀ခန့်ကို ရုပ်သိမ်းရန် တောင်းဆိုခဲ့ကြသည်။

**ကြိုးပမ်း**

ကြာသပတေးနေ့တွင် ဘဂ္ဂဒက်ရှိ အီတလီသံရုံးအနီး၌ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ရာ အီရတ်တစ်ဦးသေဆုံးခဲ့သည်။ အီတလီတို့သည် အီရတ်၌၎င်းတို့ရှိနေမှု၏ အန္တရာယ်အနေအထားကို သတိရလာခဲ့ကြသည်။ အီတလီနှင့်ပြင်သစ်သို့ သုံးရက်ကြာခရီးထွက်စဉ် ဘုရှ်သည် အီရတ်၌ သူ၏ ဆောင်ရွက်မှုလုပ်ငန်းကို နိုင်ငံတကာက ထောက်ခံရန် ကြိုးပမ်းမည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

**ဆန္ဒပြ**

**အီတလီနိုင်ငံ ရောမမြို့တွင် သမ္မတဘုရှ် လာရောက်မှုကို ဆန့်ကျင်ကန့်ကွက်နေသည့် အီတလီပြည်သူများကို ဇွန် ၄ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၆

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် စနေနေ့က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြား သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ပေါက်ကွဲ**

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်တွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အမေရိကန်စစ်ယာဉ်တစ်စီး တိမ်းမှောက်ပျက်စီးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။ သောကြာနေ့ကလည်း ဘဂ္ဂဒက်မြို့တွင် အီရတ်တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့သည်။

**ပိတ်ဆို့**

ထိုသို့ အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာမှုကြောင့် အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် မိုတာဒါအယ်လ်ဆာဒါကို ထောက်ခံသည့် ဘဂ္ဂဒက်ရှိ ဆာဒါစီတီးအရပ်တွင် အချို့နေရာများကို အမေရိကန်တပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားသည်။

**ဖြစ်ပွား**

နာဂျက်ဖ်မြို့တွင်လည်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

## ကန်ကာကွယ်ရေးဝန်ကြီးရမ်းစဖဲလ် ဘင်္ဂလားဒေ့ရှ်သို့ လာရောက်မှု အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်ကာ ဘင်္ဂလားဒေ့ရှ်ပြည်သူများ ဆန္ဒပြ

ဒါကာ ဇွန် ၅

**ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်လာရောက်လည်ပတ်ခြင်းကို ဆန့်ကျင်ကန့်ကွက်ရန်အတွက် သောကြာနေ့တွင် ဘင်္ဂလားဒေ့ရှ် အစ္စလာမ္မစ်လှုပ်ရှားသူများက အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများ ဟစ်ကြွေးကာ အမေရိကန်အလံများကို မီးရှို့ခဲ့ကြသည်။**

ထို့ပြင် ဘင်္ဂလားဒေ့ရှ်အစ္စလာမ္မစ်လှုပ်ရှားသူများသည် အီရတ်သို့ ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့ဝင်များ သွားရောက်ရေးကိစ္စနှင့် ပတ်သက်၍လည်း ကန့်ကွက်ကြောင်း ပြောဆိုခဲ့ကြသည်။

အာရှတိုက်သို့ ခရီးထွက်သော ရမ်းစဖဲလ်က ၎င်းနှင့်လိုက်ပါသတင်းယူကြသူ သတင်းထောက်များအား အီရတ်အတွက် ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များပေးရေးနှင့် ပတ်သက်၍ မည်သည့်နိုင်ငံကိုမျှ မိမိဖိအားမပေးကြောင်း ပြောဆိုခဲ့သည်။

ထိုကိစ္စအတွက် မည်သူတစ်ဦးတစ်ယောက်ကို ကိုယ်စားပြုပြီး အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်မည်မဟုတ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရအရာရှိများက ပြောဆိုထားကြသည်။

ထိုသို့ဆိုသော်လည်း ဘင်္ဂလားဒေ့ရှ်အရာရှိ အချို့နှင့် ဆန္ဒပြသူများက ရမ်းစဖဲလ်ရောက်လာသည့်အခါ အီရတ်အတွက် တပ်ဖွဲ့ဝင်များပေးရန် တောင်းဆိုမည်ဟု မိမိတို့ယုံကြည်ကြောင်း ပြောဆိုကြသည်။

အကယ်၍ အမေရိကန်တို့တောင်းဆိုသည့်အတိုင်း အီရတ်သို့ တပ်ဖွဲ့ဝင် များစေလွှတ်မည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ် လူထုကြီးတစ်ရပ်လုံးက အစွမ်းကုန် ဆန့်ကျင်သွားမည်ဟု ဆန္ဒပြသူတစ်ဦးက ပြောဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကုလသမဂ္ဂထိန်းချုပ်မှုအောက်တွင်ရှိသော အကျပ်အတည်းတွေ့သည့်နေရာများသို့ အစဉ်အလာအားဖြင့် တပ်ဖွဲ့ဝင်များကို စေလွှတ်ပေးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ပြန်လည်ပြင်ဆင်ထားသော အီရတ်ဆိုင်ရာ အဆိုပြုချက်သစ် အီရတ်အနာဂတ်အတွက် အရေးပါဟု တရုတ်နိုင်ငံပြောကြား

ကုလသမဂ္ဂ ဇွန် ၅

**ပြန်လည်ပြင်ဆင်ထားသော အီရတ်ဆိုင်ရာ အဆိုပြုချက်အသစ်သည် အီရတ်နိုင်ငံအနာဂတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တကယ်တမ်း အရေးပါကြောင်း တရုတ်နိုင်ငံက ပြောကြားခဲ့သည်။ ကုလသမဂ္ဂအဖွဲ့က ယင်းအဆိုပြုချက်ကို လျင်လျင်မြန်မြန် အတည်ပြုပေးရန် ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးက ပြောကြားခဲ့သည်။**

အီရတ်နိုင်ငံ အချုပ်အခြာအာဏာ အပြည့်အဝပြန်လည် ရရှိစေရေးနှင့် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးရှိရမည် ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

**ပါဝင်မည်**

ထို့အပြင် တရုတ်နိုင်ငံသည် အဆိုပြုချက် အတည်ပြုအောင် မြင်မှုရရှိစေရန် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မည် ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

**မေးမြန်းခဲ့**

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် တရုတ်နိုင်ငံအား ပါဝင်ဆောင်ရွက်လိုစေရေး အီရတ်နိုင်ငံခြားရေးဝန်ကြီးက မေးမြန်းခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂတွင် အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းနှင့် ပတ်သက်၍ အမေရိကန်နှင့် ဗြိတိန်တို့က သဘောထား ပေးခဲ့ပြီးဖြစ်သည်။

**ဝေဖန်**

ပြန်လည်ပြင်ဆင်ထားသောအီရတ်ဆိုင်ရာ အဆိုပြုချက်အသစ်သည် အီရတ်နိုင်ငံအတွက် အရေးပါမှု ရှိမရှိကို နိုင်ငံများက ဝေဖန်လျက်ရှိကြသည်။ **(စီစီတီဗွီ)**

**ကင်းလှည့်**

**ဘာဆာရာမြို့ဆိပ်ကမ်းအနီးတွင် ရေနံတင်သင်္ဘောများ လုံခြုံရေးအတွက် ရေယာဉ်ငယ်တစ်စင်းနှင့် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်တွင် စည်ပင်သာယာရေးဦးစီးဌာနက ဆောက်လုပ်ပေးထားသော ညောင်ဝိုင်းကျေးရွာမှ အိမ်တစ်လုံးကို တွေ့ရစဉ်။ **(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)**

### သောက်သုံးရေရရှိ

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ် သာစည်ကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနကမြေအောက်ရေရရှိအောင် ဤသို့ဆောင်ရွက်ပေးခဲ့သည်။

**(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)**

## နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးရွာရှိ ကလေးငယ်များ ပညာတိုးပွားစေရေးအတွက် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ဖွင့်လှစ်ပေးထားသည့် မူလတန်းကြိုကျောင်းကို တွေ့ရစဉ်။

**(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)**

### ယူးချောင်းတံတား

**စစ်ကိုင်းတိုင်း တမူးမြို့နယ်အတွင်းရှိ ယူးချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော အရှည်ပေ ၄၀၀ ရှိ ယူးချောင်းတံတားကို တွေ့ရစဉ်။** (ယူးချောင်းတံတားသည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် တံတားကြီးတစ်စင်း ဖြစ်သည်။)

**(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)**

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

● *ကျောဖုံးမှ*

အဆိုပါ အခမ်းအနားများသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ လူမှုရေး တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် ရွာဦးရုံရပ်ကွက်ရှိ အဆိုပါ ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုး မင်းတို့က ဖဲကြိုးဖြတ်၍ ကျောင်း ဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြ သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် တိုးချဲ့ကျောင်းဆောင်သစ်နှင့်

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အပြီးတွင် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်)**

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင် သစ်ဖွင့်ပွဲအပြီးတွင် စာသင်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

အသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ လှိုင်သာယာမြို့ နယ် အမှတ်(၁)အခြေခံပညာအလယ် Multi Media Class Roomတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာ ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် (၂၀)ရပ်ကွက်ရှိ လှိုင်သာယာမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ လှိုင်သာယာမြို့ နယ် အမှတ်(၁၀) အခြေခံပညာ မူလ တန်းလွန်ကျောင်း တိုးချဲ့ကျောင်း ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ တိုးချဲ့ကျောင်းဆောင်သစ် ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် အလှူရှင် Southern Metal Industry Co.,Ltd. ဥက္ကဋ္ဌ ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ်၍ တိုးချဲ့ကျောင်းဆောင်သစ်ကို ဖွင့်လှစ် ပေးလိုက်ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယ ပိုင်း အစီအစဉ်များကို ကျောင်းအစည်း အဝေးခန်းမ၌ ဆက်လက်ကျင်းပရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က တိုးချဲ့ကျောင်းဆောင်သစ်များ ဆောက် လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာတွင် ယနေ့ဖွင့်လှစ်သည့် ကျောင်းအဆောက်အအုံသည် အလျား ၂၆၄ပေ၊ အနံ ပေ၃၀ရှိ RCသုံးထပ် ကျောင်းဆောင်ဖြစ်ကြောင်း၊ ဤ ကျောင်းတွင် Multi Media နှင့် Language Labဆိုင်သည့်ပစ္စည်းများ အသစ် တပ်ဆင်ပေးထားကြောင်း၊ ကျောင်းသားများအနေဖြင့် ယခု ကျောင်းဖွင့်ချိန်ရာသီမှစ၍ ၎င်းပစ္စည်း များကို အသုံးပြုသွားနိုင်မှာ ဖြစ် ကြောင်း၊ ကျောင်းတွင်သတ်မှတ်သည့် အကျယ်အဝန်းရှိသည့် ဘောလုံးကွင်း တစ်ကွင်း၊ ဈေးသည်များ ရောင်းချ နိုင်ရန် ဈေးရုံ၊ ကျောင်းသားထိုင်ခုံနှင့် စားပွဲခုံတန်းများ၊ ဆရာ ဆရာမ များအတွက် စားပွဲထိုင်ခုံများ၊ ဘုရား ခန်း၊ ဝန်ထမ်းအိမ်နှင့် ကျောင်းသား များအတွက် ရေလောင်းအိမ်သာများ ကိုလည်း ထည့်သွင်းတည်ဆောက်ပေး ထားကြောင်း၊ ထို့ပြင် လျှပ်စစ်မီး ရရှိရေးအတွက်လည်း ဆောင်ရွက်ပေး ထားပါကြောင်း။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းတို့က လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြစဉ်။ (သတင်းစဉ်)**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် အလှူရှင် Southern Metal Industry Co.,Ltd. ဥက္ကဋ္ဌ ဦးအောင်ကျော်တို့က ဖဲကြိုး ဖြတ်၍ လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင် သစ်ကို ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)**

### လမ်းညွှန်ချက်ယူ

ယနေ့ဖွင့်လှစ်ပြီး ရောက်ရှိနေ သည့် အမှတ် (၁၀) အခြေခံပညာ

မူလတန်းလွန်ကျောင်းသည် S.M.I Co., Ltd. က ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ ခုနှစ် ဩဂုတ် ၁၀ ရက်က လှိုင်သာယာစက်မှုဇုန်ရှိ S.M.I Co., Ltd. ၏ စက်ရုံအဆောက်အအုံကို လာရောက်ကြည့်ရှုစစ်ဆေးစဉ် ကုမ္ပဏီဥက္ကဋ္ဌက လှိုင်သာယာပညာရေး ရန်ပုံငွေအတွက် အသုံးပြုရန် ကျပ်သိန်း ၃၅၀ လှူဒါန်းခဲ့ပါကြောင်း၊ ယင်းလှူဒါန်းငွေဖြင့် ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြ လမ်းညွှန်ချက်ခံယူပြီး ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရေးကို စီမံဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း။

အလှူရှင်အနေနှင့်လည်း လူရကျိုးမြောက်စေရန် ကျောင်းသားများပြားပြီး လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသည့် ယခု အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်းကို ရွေးချယ်တည်ဆောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အလှူရှင်အနေနှင့်လည်း မူလက လှူဒါန်းငွေကျပ်သိန်း ၃၅၀ သာ ဖြစ်သော်လည်း ပိုမိုပြီး သဒ္ဓါတရားထက်သန်လာသော အလှူရှင်များက ယနေ့မြင်တွေ့ရသည့် အဆိုပါကျောင်းကို ကျပ် ၁၂၄၄ သိန်းခန့်အကုန်အကျခံ၍ အောင်မြင်စွာ တည်ဆောက် လှူဒါန်းခဲ့ပါကြောင်း၊ အဆိုပါကျောင်း၌ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်သည့် Steel Structure နှင့် အလူဇင့်အမိုးများကို ထည့်သွင်း အသုံးပြုတည်ဆောက်ထားပါကြောင်း၊ ထို့ပြင် ခြေကျော်တံခါးများကို ဖိုင်ဘာတံခါးများ၊ ပြတင်းပေါက်တံခါးများကို ဖိုင်ဘာ Sliding Door များကို အသုံးပြုပြီး အဆင့်မြင့်မြင့် တည်ဆောက်ပေးထားပါကြောင်း၊ အလှူရှင်များအနေနှင့် ဘုရားခန်းနှင့် ကျောင်းသူကျောင်းသားတန်းရှည်ထိုင်ခုံများ၊ မုန့်စားဆောင်ကိုလည်း ထည့်သွင်းဆောက်လုပ်ထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

## ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက တိုးချဲ့ကျောင်းဆောင်သစ်များ၏ မြေနေရာ၊ ကျောင်းအဆောက်အအုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းအတွက် ငွေပဒေသာပင်အလှူငွေများအဖြစ် ဒေါ်နန်းအေးမြင့်က ငွေကျပ် ၁၀ သိန်း၊ တိုက်ကျိုပိုက်နှင့် ဘင်ဟာကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ဂရိတ်ဝေါလ်ဆေးဝါးနှင့် ဆောက်လုပ်ရေးကုမ္ပဏီကငွေကျပ် ငါးသိန်း၊ လှိုင်သာယာစက်မှုမြို့စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ငါးသိန်း၊ ဒေါ်အေးအေးသင်း(A.Y.N Co., Ltd.)က ငွေကျပ် သုံးသိန်းနှင့် ပါရမီဆောက်လုပ်ရေးက ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ငွေပဒေသာပင် အလှူငွေများအဖြစ် ကျော်သာကုမ္ပဏီက ကျောင်းသုံးပရိဘောဂများ ဝယ်ယူရန် ငွေကျပ် ၉၁ သိန်း နှစ်သောင်း၊ ဦးသိန်းဟန်က လက်မ ၂၀ ရပ်မြင်သံကြားစက်ဝယ်ယူရန် ငွေကျပ် နှစ်သိန်းတစ်သောင်း၊ ဦးမောင်မောင်အေးက ငွေကျပ်ငါးသိန်း၊ ဦးအောင်မြတ် (Mother Trading Co.,Ltd.) က ငွေကျပ် ငါးသိန်း၊ ဦးတင်ဦး (OK Brother Co.,Ltd.) က ငွေကျပ် ငါးသိန်း၊ ဦးအုံးစိုင်း (New Golden Gate.) က ငွေကျပ်ငါးသိန်း၊ ဦးကျော်အောင် (Benhur Co.,Ltd.) က ငွေကျပ် ငါးသိန်း၊ ဦးကျော်ကျော်စိုး (SEC Co.,Ltd.)က ငွေကျပ် ငါးသိန်း၊ ဦးကိုကိုကြီး (Diamond Star Co., Ltd. )က ငွေကျပ် ငါးသိန်းနှင့် ဦးအောင်သိန်း (အောင်သီဟကုမ္ပဏီ) က ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

## လွှဲပြောင်းပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရရှိသော အလှူငွေများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်အေးက တိုးချဲ့ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုးချဲ့ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်မှာ အလျား ၂၆၄ပေ၊ အနံပေ၃၀ရှိ သံကူကွန်ကရစ် အမျိုးအစား သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ လှိုင်သာယာမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်မှာ အလျား ၂၆၄ ပေ၊ အနံ ၃၀ ပေရှိ Composite Structure အမျိုးအစား နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး Southern Metal Industry Co., Ltd.က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ရွှေပြည်သာတံတားသို့ ရောက်ရှိကြသည်။

## ရှင်းလင်းပြသ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေပြည်သာတံတားပေါ်မှ ရွှေပြည်သာစက်မှုဇုန်(၁)၊ ရွှေပြည်သာ စက်မှုဇုန်(၂)၊ ရွှေပြည်သာ

စက်မှုဇုန်(၃)၊ ရွှေပြည်သာစက်မှုဇုန်(၄)နှင့် လှိုင်သာယာစက်မှုမြို့၊ ရွှေလင်ပန်းစက်မှုမြို့တို့၌ စက်ရုံ အလုပ်ရုံများအကွက်ချ တည်ဆောက်ထားရှိမှုနှင့် စက်မှုဇုန်များ တိုးတက်ပေါ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က ရှင်းလင်းပြသသည်။

လှိုင်သာယာမြို့နယ် လှိုင်မြစ်အနောက်ခြမ်းရှိ ရွှေလင်ပန်းစက်မှုမြို့တွင် ပဲပိစပ်ဆီထုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ အီလက်ထရွန်နစ်ပစ္စည်းစက်ရုံ၊ စက်ကိရိယာအပိုပစ္စည်းစက်ရုံ၊ လယ်ယာထွက်ကုန် ပစ္စည်းသန့်စင်စက်ရုံ၊ မွေးမြူရေးငါးနှင့် ပုစွန်အစာစပ်စက်ရုံများ၊ အအေးခန်းစက်ရုံ၊ သစ်အခြေခံ အချောထည်စက်ရုံများကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် လှိုင်မြစ်အရှေ့ခြမ်း ရွှေပြည်သာစက်မှုမြို့ ဇုန် (၁)၊ ဇုန်(၂)၊ ဇုန်(၃)နှင့် ဇုန်(၄)တို့၌ လူသုံးကုန်ပစ္စည်းစက်ရုံများ၊ မီးချောင်းစက်ရုံ၊ ဘီစကွတ်စက်ရုံ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ၊ သိုးမွေးနှင့် အထည်ချုပ်စက်ရုံအမျိုးမျိုး၊ ဆပ်ပြာစက်ရုံ၊ လျှပ်စစ်အပိုပစ္စည်းစက်ရုံ၊ သံမဏိပစ္စည်းစက်ရုံ၊ ရေပိုက်ပစ္စည်းစက်ရုံ၊လယ်ယာထွက်ကုန်ပစ္စည်းသန့်စင်စက်ရုံ၊စက်ကိရိယာအပိုပစ္စည်းစက်ရုံ၊ အသင့်ဖျော်ကွန်ကရစ်စက်ရုံ၊ ပလပ်စတစ်ပစ္စည်းစက်ရုံ၊ မြေရေခွဲအိတ်စက်ရုံနှင့်သစ်အချောထည် စက်ရုံတို့ကိုလည်းကောင်း တည်ဆောက်ပြီး သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ရွှေပြည်သာစက်မှုဇုန်ကိုဖြတ်၍ ဖောက်လုပ်ထားသည့် ရွှေပြည်သာ-အင်းစိန်ကားလမ်းအရှေ့ဘက်ခြမ်း၌ စက်မှုဇုန်များတိုးချဲ့တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်ကားလမ်းနံဘေး၌ Naing Group က တည်ဆောက်ပြီးစီးသွားသည့် အင်းစိန်မြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်အနီး ရွာမအနောက်ရပ်ကွက် နတ်စင်လမ်းကို ဂဝံလမ်းခင်းနေမှုနှင့် ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းမှုအကျိုးရလဒ်ကောင်းများတွေ့မြင် ရပ်ရွာအခြေပြုကျန်းမာရေးစောင့်ရှောက်မှု ပူးပေါင်းပါဝင်မှုစွမ်းအားရယူ

✻ ရှေ့ဖုံးမှ

အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးများတွင် နိုင်ငံတော်အတွင်း မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်ရေး အစီအမံများကို ဆွေးနွေးသုံးသပ်ဆုံးဖြတ် ချမှတ်ခဲ့ကြကြောင်း။

ယခုအကြိမ်(၄၀)မြောက် အစည်းအဝေးတွင်လည်း ယခင်အစည်းအဝေးများက ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို သုံးသပ်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ဖွယ်များကို ဆွေးနွေးဆုံးဖြတ် ချမှတ်သွားကြရန် ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော်တွင် လူဦးရေ ၅၂ သန်းကျော်ရှိသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများအကြားတွင် လူဦးရေအချိုးအစား အသင့်အတင့် များပြားသည့် နိုင်ငံတစ်နိုင်ငံဟု ဆိုနိုင်ကြောင်း။

## လွန်စွာနက်နဲသိမ်မွေ့

ထို့အပြင် မြန်မာနိုင်ငံ၏ ရေမြေ သဘာဝပတ်ဝန်းကျင်ကို ကြည့်မည်ဆိုလျှင်လည်း နိုင်ငံ၏မြေလတ်ဘက်ပိုင်း၊ အရှေ့မြောက်ဘက်ပိုင်းတို့တွင် တောတောင်ထူထပ်ပြီး ပင်လယ်ပြင်အမြင့်မှ ပေခြောက်သောင်းကျော် ခုနစ်သောင်းကျော်ရှိသည့် ကုန်းမြင့်ပိုင်းဒေသများရှိသကဲ့သို့ နိုင်ငံတော်၏ အလယ်ပိုင်းတွင် ပူပြင်းခြောက်သွေ့သည့်ဒေသများဖြစ်နေကြောင်း။

ထို့အတူပင် နိုင်ငံတော်၏တောင်ဘက်ခြမ်းဒေသများမှာ မိုးရွာသွန်းမှုများပြားပြီး စိုစွတ်ဒေသများဖြစ်သည်ကို တွေ့နိုင်ကြောင်း။

ရာသီဥတုအနေဖြင့်ကြည့်လျှင်လည်း မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးမျိုးရှိသည့်အတွက် ရာသီဥတုပြောင်းလဲမှုအရ ရေမြေသဘာဝ ပြောင်းလဲမှုများ ရာသီအလိုက်ဖြစ်ပေါ်နေသည်ကို တွေ့နိုင်ကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝလွှမ်းခြုံပေးနိုင်ရေးတွင် နိုင်ငံတော်၏လူဦးရေ ပျံ့နှံ့နေထိုင်မှု ပူပြင်းခြောက်သွေ့သောဒေသ၊ အအေးလွန်ကဲသောဒေသ၊ မိုးများသောဒေသ စသည်ဖြင့် နေရာဒေသ သဘာဝပတ်ဝန်းကျင် မတူညီကွဲပြားမှု၊ ရာသီဥတု ပြောင်းလဲမှုတို့နှင့် လိုက်လျောညီထွေစွာ ကျန်းမာရေးစောင့်ရှောက်မှုအမျိုးမျိုးကို လိုအပ်ချက်များနှင့်အညီ အထူးပြုဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

သို့ဖြစ်၍ တစ်နိုင်ငံလုံးလွှမ်းခြုံလျက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရန်နှင့် လိုအပ်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းပမာဏမှာ များစွာကြီးမားကျယ်ပြန့်သည့်အပြင် လွန်စွာနက်နဲသိမ်မွေ့သည်ကို တွေ့ရနိုင်ကြောင်း။

ထို့အပြင် ယခင်ခေတ်ကာလများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျ မပေးနိုင်ခဲ့သည့် နယ်စပ်အစွန်အဖျားဒေသများမှာ ယခုအခါတွင် ငြိမ်းချမ်းသာယာနေပြီဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝလွှမ်းခြုံပေးနိုင်စေရန် စီမံဆောင်ရွက်နေရသည်လည်း ရှိနေကြောင်း။

ထိုမျှမက ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) အပြင် အာဆီယံမိသားစုဝင်နိုင်ငံများအချင်းချင်း ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ၊ အခြားသောမိတ်ဆွေနိုင်ငံများနှင့် နှစ်နိုင်ငံချင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်လည်း ရှိကြောင်း။

ယင်းသို့သော အခြေအနေအချိန်အခါတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများမှာ တဖြည်းဖြည်း ပိုမိုပြီး ကြီးမားကျယ်ပြန့်သိမ်မွေ့နက်ရှိုင်းလာနေသည်ကို ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများ အားလုံးက နားလည်သဘောပေါက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုစနစ်ကျနစေရအောင် စနစ်တကျစီမံဆောင်ရွက်ကြရန်၊ ပိုမိုပြီး ဝီရိယစိုက် အားထုတ်ဆောင်ရွက်ကြရန်၊ ပိုမိုပြီး စေတနာထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်မှု အထိုက်အလျောက်ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် အချို့သော ကဏ္ဍများတွင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများကို တွေ့မြင်နေရပြီလည်း ဖြစ်ကြောင်း။

သို့ရာတွင် တစ်နိုင်ငံလုံး ဖြန့်ကြက်၍ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝ မြင့်မြင့်မားမား တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးအတွက် ဆောင်ရွက်ဖွယ်လုပ်ငန်းများ များစွာရှိနိုင်သေးကြောင်း။

## အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီမံကိန်းကြီးသုံးခုလုံး၌ ကျန်းမာရေးကဏ္ဍကို အဓိကကျသည့် အပိုင်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးသုံးရပ် စနစ်တကျ အောင်မြင် ဖြစ်ထွန်းလာရအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေးလွှမ်းခြုံမှု ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ တစ်ရာကျော် မှီတင်းနေထိုင်သည့် ပြည်နယ်နှင့် တိုင်းများဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးဖြစ်ရာ တောင်ပေါ်မြေပြန့်၊ နယ်စပ်အစွန်အဖျားနှင့် အတွင်းပိုင်းဒေသများအားလုံး ဖြန့်ကြက်ကာ ကျန်းမာရေးစောင့်ရှောက်မှု မျှတစွာလွှမ်းခြုံပေးနိုင်သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းကာ ပြည်ထောင်စုကြီးလည်း အစွန့်ရှည်ခိုင်မြဲမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်နယ်၊တိုင်းအလိုက် ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးမြှင့်ဖွင့်လှစ်ပေးနေသကဲ့သို့ ဆေးရုံကြီးများကိုလည်း တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို ဒေသလိုအပ်ချက်အလိုက်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

## တိုးချဲ့ဆောင်ရွက်

ယခုအခါတွင် မြို့နယ်များ အများစုမှာ (၁၆)ခုတင်ဆံ့ ဆေးရုံအဖြစ်မှ (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးပြီးဖြစ်သလို ပြည်နယ်နှင့်တိုင်းဆေးရုံကြီးများ၊ ဖွံ့ဖြိုးရေးအထူးဒေသများရှိ ဆေးရုံကြီးများအားလုံးမှာ အနည်းဆုံး ခုတင် (၂၀၀)ဆံ့ ဆေးရုံအဆင့်ဖြစ်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ မြို့ကြီးပြကြီးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးမြှင့်တင်ပေးနိုင်မှုနှင့် တစ်ပြေးညီဆက်လက်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအထိ ဖြန့်ကြက်၍ ရပ်ရွာအခြေပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Public Health and Community Health) ကို တိုးချဲ့ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယင်းသို့ ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ဆက်နွှယ်သော ဝန်ကြီးဌာနများနှင့် စေတနာ့ဝန်ထမ်းလူမှုရေး အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရယူဆောင်ရွက်ကြရန်လိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက် ကျန်းမာရေးကဏ္ဍအနေဖြင့် ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာများ အသုံးပြုရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မွေးကင်းစ ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်းများ ထပ်မံလျှော့ချရေး၊ ဒေသထွက် အစားအစာများဖြင့်ပင် အာဟာရပြည့်ဝစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံရေး စသည့် အစီအမံများကို စနစ်တကျစီမံချမှတ်ဆောင်ရွက်ကြရန် လိုကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း ဆရာဝန်များ၊ သူနာပြုများ၊ သားဖွားများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ အရည်အသွေးပြည့်ဝမြင့်မားစွာဖြင့် အလုံအလောက်မွေးထုတ်နိုင်စေရန် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

HIV-AIDS ရောဂါ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါစသည့် ရောဂါဆိုးကြီးများ အမြစ်ပြတ်နိုင်ရေး၊ တိုးပွားမလာစေရေးတို့အတွက် ဆောင်ရွက်ဆဲ အစီအမံများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝပေးနိုင်ရေး၊ အထူးသဖြင့် နယ်စပ်အစွန်အဖျားဒေသများ၊ ကျေးလက်ဒေသများနှင့် နွမ်းပါးချို့တဲ့သော ဆင်ဖြေဖုံးဒေသများရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

## ပူးပေါင်းကြိုးပမ်း

ဆေးလိပ်သောက်သုံးမှုလျှော့ချရေး လုပ်ငန်းအစီအမံများ အောင်မြင်ဖြစ်ထွန်းနေသည့်အချိန်အခါတွင် အရက်အလွန်အကျွံ သောက်သုံးမှုလျှော့ချရေးအတွက်လည်း ဆက်လက်စီမံဆောင်ရွက်ကြရန်လိုကြောင်း။

အချို့သောရောဂါများနှင့်ပတ်သက်ပြီး ပြည်ပသို့သွားရောက်ဆေးကုသမှု အလေ့အထများ တဖြည်းဖြည်းချင်း ပပျောက်သွားစေရေးအတွက် ရောဂါတိုင်းရောဂါတိုင်းကို မိမိပြည်တွင်းမှာပင် အရည်အသွေးမြင့်မြင့်မားမားဖြင့် ခေတ်မီစက်ကိရိယာများ၊ ကုသနည်းစနစ်များ အသုံးပြုနိုင်စေရအောင်နှင့် ပြည်သူများကိုယ်တိုင်က မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ယုံကြည်ကိုးစားလာစေရအောင် ကျမ်းမာရေးဝန်ကြီးဌာနအပြင် ပုဂ္ဂလိကကဏ္ဍကပါ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့တွင် အရည်အသွေးပြည့်ဝသည့် ပညာရှင်များရှိထားပြီးဖြစ်ရာ လိုအပ်သည့် ခေတ်မီပစ္စည်းကိရိယာများ၊ နည်းစနစ်များကို ဖြည့်ဆည်းမြှင့်တင်ပေးနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကိုပါ အားပေးထောက်ကူပေးကြရမှာဖြစ်ကြောင်း။

မိဘဘိုးဘွားအစဉ်အဆက်ကျင့်သုံးလာခဲ့ကြသည့် တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများကိုလည်း ပိုမိုပြီး စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ စံချိန်စံညွှန်း မှန်ကန်တိကျစေရအောင်၊ ခေတ်မီစက်ကိရိယာများ ထုတ်လုပ်မှုနည်းစနစ်များအသုံးပြု ထုတ်လုပ်နိုင်စေရအောင် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ *စာမျက်နှာ ၁၃ ကော်လံ ၁*

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်နှင့် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်များ၏ မြေနေရာ၊ ကျောင်းအဆောက်အအုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)**

# မမှန်မကန်သတင်းတွေကို ထုတ်လွှင့်နေတဲ့ RFA

**ကျော်ဝင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူအားလုံးတို့ဟာ ကိုယ်တိုင်ကြုံတွေ့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတဲ့ ခါးသီးလှတဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းအရ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို လိုလားတောင့်တနေကြတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။

မြန်မာပြည်ဖွား တိုင်းရင်းသားများဟာလဲ နှစ်ပေါင်းရာကျော် သူ့ကျွန်ဘဝမှာ ဒုက္ခအမျိုးမျိုးခံနေခဲ့ရတဲ့ဘဝ၊ လွတ်လပ်ရေးရပြန်တော့လဲ ကျွန်ပြုသူနယ်ချဲ့တို့က လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကိုပါ တစ်ပါတည်း ထည့်ပေးလိုက်တာကြောင့် မြန်မာနိုင်ငံအတွင်း ရောင်စုံသူပုန်များရဲ့ ဆူပူအကြမ်းဖက်မှုတွေ နိုင်ငံအနှံ့ ပေါ်ပေါက်ခဲ့သလို ပြည်သူတွေအားလုံး ကြိမ်မီးအုံးသလို ပူပင်သောက ရောက်ခဲ့ကြရပြန်ပါတယ်။

ယခင်ခေတ်အဆက်ဆက်မှာ တည်ငြိမ်အေးချမ်းမှုမရှိ၊ လုံခြုံမှုမရှိတဲ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်လဲ ထိထိရောက်ရောက် လုပ်မပေးနိုင်ခဲ့ပါဘူး။

၁၉၈၈ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ဆူပူအကြမ်းဖက်မှုမှာ အာဏာကို ဖြတ်လမ်းက ရယူလိုကြတဲ့ နိုင်ငံရေးတောကြောင်များဟာ မြှောက်ထိုးပင့်ကော်လုပ်ပြီး ဆူပူမှုကို စခဲ့ကြတယ်။ ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက် အဖျက်သမားပေါင်းစုံတို့ကလဲ အဘက်ဘက်က ဝိုင်းဝန်းသွေးထိုး လှုံ့ဆော်ခဲ့ကြတယ်။ အခြေအနေတွေဟာ ထိန်းမနိုင်သိမ်းမရဖြစ်ပြီး တစ်တိုင်းတစ်ပြည်လုံး ပရမ်းပတာဖြစ်ခဲ့တယ်။ ပြည်သူအားလုံးဟာ တရားဥပဒေစိုးမိုးမှုမရှိ၊ လုံခြုံမှုမရှိတဲ့အတွက် ကျီးလန့်စာ စားရသလို စိတ်ချလက်ချ အေးအေးချမ်းချမ်း မနေခဲ့ရပါဘူး။

ဒီလို ပြည်သူတွေအားလုံး ခံစားနေကြရတဲ့ လူမှုဒုက္ခအပေါင်းတို့မှ ကင်းဝေးပပျောက်သွားအောင် တပ်မတော်ခေါင်းဆောင်များဟာ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့မှာ နိုင်ငံတော်တာဝန်ကို ယူခဲ့ရတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်၊ လူမှုရေးဦးတည်ချက်လေးရပ်တို့ကို အလုပ်လမ်းညွှန်အဖြစ်ချမှတ်ကာ ထိထိရောက်ရောက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝ မြင့်မားတိုးတက်ရေး၊ ယဉ်ကျေးမှုစတဲ့ ဘက်ပေါင်းစုံ အောင်မြင် ဖြစ်ထွန်းမှုတွေဟာ ၁၅နှစ်ကျော် ၁၆နှစ်ကာလအတွင်း အံ့သြလောက်အောင် ဖြစ်ထွန်းအောင်မြင်ခဲ့တယ်ဆိုတာ အားလုံးအသိအမြင်ပဲ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ လုံခြုံချောမွေ့လာခဲ့တယ်။ ဆည်မြောင်း တာတမံများ၊ စက်ရုံများ၊ ကျောင်းများ၊ လမ်းတံတားများ၊ ဈေးသစ်ကြီးများ မြန်မာနိုင်ငံတစ်ဝန်းလုံး တောင်ပေါ်မြေပြန့်မခြား နေရာအနှံ့အပြားမှာ တစ်ပြေးညီ ပေါ်ထွန်းလာခဲ့တယ်။

အဲဒီလို ဖြစ်ထွန်းအောင်မြင်မှုတွေကို မနာလို မရှုဆိတ်နိုင်ကြတဲ့ ပြည်တွင်း၊ ပြည်ပ၊ မြေပေါ်မြေအောက် အဖျက်သမားများ ကိုလိုနီနယ်ချဲ့နှင့် သူတို့ရဲ့တပည့်တွေက မသိကျိုးကျွံပြုနေကြရုံမျှမက ပြည်ပအသံလွှင့်ဌာနအချို့နှင့်ပူးပေါင်းပြီး ဆန့်ကျင်ဘက် မဟုတ်တမ်းတရမ်း သတင်းမှားများကို အရှက်မဲ့၊ သိက္ခာမဲ့ လွှင့်ထုတ်နေကြတာကို ပြည်ပအသံလွှင့်ဌာနတချို့ရဲ့ နေ့စဉ်ထုတ်လွှင့်နေတဲ့ သတင်းအချက်အလက်တွေ နားထောင်ကြည့်မယ်ဆိုရင် ပေါ်လွင်ထင်ရှားမှာ ဖြစ်ပါတယ်။

သတင်းဌာနဆိုတာ ဘယ်သတင်းဌာနမဆို ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ သတင်းတွေကို လက်လှမ်းမီသမျှရယူစိစစ်ပြီး မှန်မှန်ကန်ကန် လွှင့်ထုတ်ကြဖို့ လိုအပ်ပါတယ်။ သတင်းပေးပို့သူရဲ့ အနေအထားကို အဓိကထားပြီး လက်ခံလွှင့်ထုတ်ဖို့ အထူးလိုအပ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ သတင်းဆိုရင်ပြီးရော မှန်၊ မမှန်မစိစစ်ဖူးဆိုရင်တော့ အဲဒီသတင်းတွေကို ထုတ်လွှင့်တဲ့ သတင်းဌာနဟာ အပေါစားရမ်းတုတ် သတင်းဌာနဖြစ်သွားမှာပါ။ ကမ္ဘာ့ပြည်သူတွေကို လိမ်ညာလှည့်ဖြားတဲ့ ကလိမ်ကကျစ် သတင်းဌာနဖြစ်သွားမှာ အသေအချာပါပဲ။

ယနေ့ မြန်မာနိုင်ငံဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်နိုင်ဖို့ နိုင်ငံတော်အစိုးရ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ လူထုလူတန်းစားအမျိုးမျိုးတို့ရဲ့ လူထု ကိုယ်စားလှယ်များ အမျိုးသားညီလာခံမှာ စုဝေးပြီး စုပေါင်းညှိနှိုင်းတိုင်ပင် ဆွေးနွေးနေတဲ့ ကာလဖြစ်ပါတယ်။

**BBC, VOA, RFAစတဲ့ ပြည်ပသတင်းဌာနအချို့ရဲ့ မြန်မာနိုင်ငံနှင့် ပတ်သက်တဲ့ သတင်းထုတ်ပြန်ချက်တွေကို နားထောင်ကြည့်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ သတင်းမှန်တွေကို ထိမ်ချန်ပြီး သတင်းအမှားတွေကိုသာ အစဉ်တစိုက်လွှင့်ထုတ်နေတာကို လေ့လာသုံးသပ်မိပါလိမ့်မယ်။ ကမ္ဘာ့ပြည်သူများနှင့် နိုင်ငံရပ်ခြားမှာ အကြောင်းအမျိုးမျိုးနှင့် ရောက်ရှိနေထိုင်နေကြတဲ့ ရိုးသားတဲ့ မြန်မာနိုင်ငံသားတွေကို လိမ်လည်လှည့်ဖြားဖို့ တမင်သက်သက် ရည်ရွယ်ထုတ်လွှင့်နေကြတယ် ဆိုတာကို သူတို့ရဲ့ သတင်းထုတ်လွှင့်ချက်တွေက ဖော်ပြနေပါတယ်။**

၂၉-၄-၂၀၀၄ ရက်နေ့ နံနက်ပိုင်းမှာ အမေရိကန်နိုင်ငံမှာ အခြေစိုက်ထားတဲ့ ပြည်ပအသံလွှင့်ဌာနတစ်ခုဖြစ်တဲ့ RFA သတင်းဌာနက ကျွန်တော်နေထိုင်တဲ့ ဒလမြို့နှင့်ပတ်သက်ပြီး မှန်ကန်မှုမရှိတဲ့ သတင်းတစ်ပုဒ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ RFA ရဲ့ပင်တိုင်ဆောင်းပါးရှင် ဦးထိန်လင်းရဲ့ စာတွေးသမားတစ်ဦးရဲ့ အာဘော်ဆောင်းပါးကို ခပ်တည်တည်နဲ့ လွှင့်ထုတ်ခဲ့တာ ဖြစ်ပါတယ်။

ဒလမြို့နယ်ဟာ ရန်ကုန်မြို့နဲ့ အနီးဆုံးမြို့တစ်မြို့ဖြစ်ပေမယ့် ဖွံ့ဖြိုးတိုးတက်မှု မရှိဘူးလို့ ထုတ်လွှင့်သွားပါတယ်။ တပ်မတော်အစိုးရ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်ခဲ့တဲ့ ၁၉၈၈ခုနှစ်မတိုင်မီကနဲ့ ယနေ့ တပ်မတော် အစိုးရလက်ထက် ဒလမြို့နယ်ရဲ့အခြေအနေဟာ အလွန်ပဲ ကွာခြားပြီး ပြောင်းလဲတိုးတက်ဖွံ့ဖြိုးနေပြီဆိုတာ အတွေးသမားကြီး ဦးထိန်လင်း သိရှိပုံမပေါ်ပါဘူး။ ဘယ်ကဘယ်လိုရတဲ့ သတင်းတွေကို အခြေခံပြီး ရေးသားထားတာလဲဆိုတာ ဆောင်းပါးရှင်ကိုယ်တိုင်သာ အသိဆုံးဖြစ်ပါလိမ့်မယ်။ ဆောင်းပါးရေးပို့သူက ပို့တယ်ထားပါဦး၊ RFAအသံလွှင့်ဌာနကရော ကိုယ်တာဝန်ယူ ထုတ်လွှင့်မယ့်ဆောင်းပါးမှာပါရှိတဲ့ အကြောင်းအရာတွေဟာ အမှန်တွေလား၊ အမှားတွေလားဆိုတာကို မစုံစမ်း မလေ့လာဘဲ ဘာကြောင့် ထုတ်လွှင့်ခဲ့ရတာလဲ။ ဆောင်းပါးရှင် ဦးထိန်လင်းက RFA အသံလွှင့်ဌာနကို လိမ့်တယ်။ RFAက ကမ္ဘာ့ပြည်သူတွေကို ညာတယ်။ လူလိမ်နှင့် လူညာပေါင်းမိပြီး ကမ္ဘာ့အရပ်ရပ်က RFAကို နားထောင်တဲ့ပရိသတ်အားလုံးကို လိမ်ညာလှည့်ဖြားခဲ့တာကတော့ ပေါ်လွင်နေပါတယ်။

RFAရဲ့ အသံလွှင့်ချက်တွေကို နားထောင်မိကြတဲ့ ဒလမြို့နယ်က မိတ်ဆွေတွေ အတော်များများက ကျွန်တော့်ဆီကိုရောက်လာပြီး ကဲ- ဒလကျော်ဝင်းရေ သတင်းဆောင်းပါးရေးပြီး RFA အသံလွှင့်ဌာနကိုရော RFA ရဲ့ ပင်တိုင်ဆောင်းပါးရှင် ဦးထိန်လင်းကိုရော ဒလမြို့နယ်ရဲ့ ပကတိအခြေအနေမှန်တွေကို သတင်းပို့ပေးပါဦးလို့ တောင်းဆိုလာကြတဲ့အတွက် ကျွန်တော် ဒီဆောင်းပါးကို ရေးဖို့ဖြစ်လာရတာပါ။

ဦးထိန်လင်းရဲ့ဆောင်းပါးမှာ ဖော်ပြထားသလို ဒလမြို့နယ်ဟာ ရန်ကုန်နှင့်အနီးဆုံး မြို့တစ်မြို့ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုမရှိဘူး ဆိုတဲ့ဖော်ပြချက်ဟာ တပ်မတော်အစိုးရမတိုင်မီ ၁၉၈၈မတိုင်မီကဆိုရင်တော့ မှန်တယ်လို့ ဝန်ခံရမှာ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် မတိုင်မီက ဒလမြို့နယ်ရဲ့ အခြေအနေဟာ RFA ရဲ့ ဆောင်းပါးထဲမှာပါသလို အမှန်တကယ်ပဲ စုတ်ပြတ်နွံချာလွန်းလှပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး စတဲ့ ကဏ္ဍအသီးသီးဟာ မြို့တစ်မြို့ရဲ့ မြို့ပြအင်္ဂါရပ်နှင့် လုံးဝကိုက်ညီခြင်း မရှိပါဘူး။ ဒလမြို့နယ်မှာ ရပ်ကွက်ပေါင်း ၁၇ ရပ်ကွက်ရှိပြီး ရပ်ကွက်တိုင်းမှာ ဆောက်လုပ်ထားကြတဲ့ လူနေအိမ်တွေဟာ စည်းကမ်းမရှိ ဆောက်ထားတာကြောင့် လူသွားလမ်းဆိုလို့ သတ်သတ်မှတ်မှတ်မရှိဘဲ၊ အိမ်ကြိုအိမ်ကြားက ကွေ့ပတ်ပြီး သွားကြရပါတယ်။ ကားသွားဖို့ဆိုတာ ဝေလာဝေး စက်ဘီး၊ ဆိုက်ကားတောင် စီးသွားလို့မရတဲ့ အခြေအနေပါ။ ဘုန်းကြီးကျောင်းတို့၊ စာသင်ကျောင်းတို့ရဲ့ ဘေးပတ်လည်မှာလဲ လူနေအိမ်တွေက ကပ်ပြီး ဆောက်လုပ်ထားတာကြောင့် ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေနဲ့ လူနေအိမ်တွေဟာ ခွဲခြားလို့မရအောင် ကျပ်ညပ်ပြွတ်သိပ်နေခဲ့ပါတယ်။ အိမ်တိုင်းမှာ ကိုယ်ပိုင်အိမ်သာမရှိဘဲ မြစ်ထဲမှာစုပေါင်းအိမ်သာဆောက်ပြီး အခင်းသွားခဲ့ကြရပါတယ်။ လူသွားလမ်းဆိုလို့ ဒလကားဂိတ်ကနေ မော်စက် ရပ်ကွက်အထိ ကမ်းနားလမ်းအဖြစ် သစ်သားအတိုအစတွေနဲ့ ကွေ့ကွေ့ကောက်ကောက် ခနော်ခနဲ့ လမ်းတစ်လမ်းသာရှိပါတယ်။ ကတ္တရာခင်းလမ်းဆိုလို့ ဒလ- တွံတေးကားလမ်းသာ ရှိပါတယ်။ လျှပ်စစ်မီးဆိုတာကလဲ မှိန်တုတ်တုတ်နဲ့ မီးတိုင်အောက်မှာ ဓာတ်မီးတို့၊ မီးအုတ်ဆောင်းတို့ ဆောင်ပြီးသွားလာရတဲ့ အခြေအနေပါ။ အော်တိုတယ်လီဖုန်းဆိုတာ ဒလမြို့နေပြည်သူများ ကြားတောင် မကြားဖူးပါဘူး။ ယုတ်စွအဆုံး ပြောရမယ်ဆိုရင် လူသေရင် မြှုပ်ဖို့ သင်္ချိုင်းတောင် သတ်သတ်မှတ်မှတ် မရှိပါဘူး။

ယနေ့တပ်မတော်အစိုးရလက်ထက်မှာ ဒလမြို့ဟာ ဘယ်လောက်အထိ ဖွံ့ဖြိုးတိုးတက်နေပြီလဲဆိုတာကို လက်ရှိဒလမြို့မှာ နေထိုင်လျက်ရှိတဲ့ ဒလမြို့သားတစ်ဦးက အကျဉ်းချုံးပြီး အသိပေး တင်ပြလိုပါတယ်။

**ဒလမြို့ဟာ လွန်ခဲ့တဲ့ ၁၉၈၈ခုနှစ်မတိုင်မီ နှစ်ပေါင်းများစွာ ကတည်းက အခြေအနေနှင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း ၁၅နှစ်ကျော်ကာလ တို အတွင်းမှာ ဘယ်လောက်အထိ ပြောင်းလဲတိုးတက်စည်ပင်လာပါသလဲဆိုတာကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မယုံကြည်နိုင်လောက်အောင် ကွာခြားသွားခဲ့ပြီ ဖြစ်ပါတယ်။**

မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်မှုမရှိဘဲ ဖွံ့ဖြိုး တိုးတက်မှုလဲ လုံးဝမရှိခဲ့တဲ့ ဒလမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ ဖြစ်လာစေဖို့နှင့် ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် တပ်မတော်အစိုးရဟာ ၁၉၈၉ခုနှစ်မှာ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ဖွံ့ဖြိုးရေးကော်မတီကိုဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးရေးကော်မတီဟာ လစဉ်ပုံမှန် အစည်းအဝေးများပြုလုပ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနကလဲ မြို့ပြစီမံကိန်း ပုံစံများရေးဆွဲပြီး မြို့ကွက်သစ်များကို အဆင့်လိုက် ဖော်ထုတ်ကာ မြို့နယ်အတွင်းရှိ ကျပ်ညပ်ပြွတ်သိပ်နေတဲ့ ကျူးကျော်နေအိမ် အဆောက်အအုံအားလုံးကို ဖျက်သိမ်းရှင်းလင်းလိုက်ပါတယ်။ ပြီးတော့မှ မြို့ပြပုံစံနှင့်အညီ ရေးဆွဲဖော်ထုတ်ထားတဲ့ မြို့ကွက်သစ်များမှာ စနစ်တကျ ပြန်လည်နေရာချထားပေးခဲ့တယ်။ အခြားဌာနဆိုင်ရာများကလဲ ဒလမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍက တည်ဆောက်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တာကြောင့် ဒလမြို့ဟာ ယခင်ကနှင့် လုံးဝမတူတော့ဘဲ မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိလာပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများနည်းတူ ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာလာနေပြီ ဖြစ်ပါတယ်။ ဒလမြို့ဟာ ရန်ကုန်မြို့ရဲ့ တောင်ဘက်ကမ်းပေါ်မှာ တည်ရှိတယ်။အရှေ့မှအနောက်ကို လေးမိုင်ရှိပြီး မြောက်နှင့်တောင် နှစ်မိုင်ရှိတယ်။ မြို့ရဲ့အကျယ်အဝန်းက ၃ဒသမ၉ စတုရန်းမိုင်ကျယ်ဝန်းတယ်။ ဒလမြို့မှာ ယခင်က ၁၇ရပ်ကွက်သာရှိခဲ့ပြီး ယခု ၂၃ရပ်ကွက်ရှိလာပါပြီ။ အိမ်ခြေပေါင်း ၁၃၀၄၉ ရှိပြီးလူဦးရေ စုစုပေါင်း ၈၃၂၀၁ဦး ရှိတယ်။

ပညာရေးနှင့် ပတ်သက်လို့ ဒလမှာအခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်းနှင့် မူလတန်းကျောင်း ၂၄ကျောင်း စုစုပေါင်း၃၀ ရှိတယ်။ ဆရာ ဆရာမပေါင်း ၄၁၇ဦးရှိပြီး ကျောင်းသားကျောင်းသူပေါင်း ၁၈၇၇၆တို့ဟာ အေးချမ်းစွာ ပညာဆည်းပူး သင်ကြားလျက်ရှိတယ်။

ဒလမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်းမှာ သင်ကြားမှု၊သင်ယူမှု အထောက်အကူပြု စာသင်ခန်းမများကိုလည်း ဖွင့်လှစ်ထားရှိပြီးဖြစ်တယ်။ ၆-၁၁-၂၀၀၂ရက်နေ့မှာမြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့တယ်။

ကျန်းမာရေးနှင့်ပတ်သက်လို့လဲ မြို့နယ်ပြည်သူ့ဆေးရုံ (၂၅) ခုတင်ဆံ့တစ်ရုံ၊ဒေသန္တရကျန်းမာရေး ဆေးခန်းတစ်ခန်း၊ ကျေးလက် ကျန်းမာရေး ဆေးပေးခန်း တစ်ခန်း၊ လူမှုဖူလုံရေးဆေးပေးခန်းတစ်ခန်း၊တိုင်းရင်းမြန်မာဆေးကုခန်းတစ်ခန်း၊ မိခင်နှင့်ကလေးသားဖွားခန်းတစ်ခန်း၊ ပုဂ္ဂလိကကိုယ်ပိုင်ဆေးကုခန်း ၂၉ခန်းတို့ဟာ ဒလမြို့နယ် ပြည်သူများရဲ့ ကျန်းမာရေးကို ပြုစုစောင့်ရှောက် ကုသပေးလျက်ရှိတယ်။ ဒလမြို့နယ်မှ လူငယ်လူရွယ်များ အားကစားလေ့ကျင့်မှု ပြုလုပ်နိုင်ဖို့အတွက် အားကစားနှင့် ကာယပညာဦးစီးဌာနနဲ့ မြို့နေပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဗိုလ်တေဇအားကစားကွင်း၊ မြို့နယ်မိုးလုံလေလုံ အားကစားခန်းမနှင့် တင်းနစ်အားကစားကွင်းတို့ကို တည်ဆောက်ပေးပြီး မြို့နေလူထု အပန်းဖြေ အနားယူနိုင်ရေးအတွက်ကိုလဲ ဗိုလ်ချုပ်ပန်းခြံနဲ့ မြသီတာပန်းခြံတို့ကို တည်ဆောက်ပေးပြီး ဖြစ်တယ်။

ဒလမြို့နယ်မှာ ဘုန်းတော်ကြီးကျောင်း ၂၈ကျောင်း၊ သံဃာတော် ၂၄၈ပါး၊ သာမဏေ၂၄၄ပါးတို့ရှိတယ်။ ဒလမြို့အတွင်း ထင်ရှားတဲ့ စေတီတွေကတော့ မြို့မ(၃)ရပ်ကွက်မှာ ရွှေစာရံစေတီ၊ ညောင်ကုန်းရပ်ကွက်မှာ မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန် ဘုရားကြီး၊ အုံ့ကြီးအရှေ့ရပ်ကွက်မှာ ရှင်ပင်သာလျောင်း ဘုရားနှင့် အခြား စေတီပေါင်း ၂၁ဆူရှိတယ်။ ဒလမြို့နယ်မှာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း နှစ်ကျောင်း၊ ဗလီ ခုနစ်ခု၊ ဟိန္ဒူဘုရားကျောင်း ၁၄ ကျောင်းတို့လည်း ရှိတယ်။

ဒလမြို့နယ်အတွင်းမှာ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်း ၁၀ဖွဲ့တို့ဟာလဲ ဒလမြို့နေပြည်သူများရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိတယ်။

ဒလမြို့မှာ ၁၉၈၈ခုနှစ်မတိုင်မီက ကတ္တရာခင်းလမ်းဆိုလို့ ဒလ- တွံတေး ကားလမ်းတစ်လမ်းတည်းသာရှိခဲ့တယ်။ လမ်းသာဆိုတယ် ဟိုနေရာချိုင့်၊ ဒီနေရာကျင်းနဲ့ အဖြစ်လောက်သာရှိခဲ့ရာက ယခုဆိုရင် ရပ်ကွက်အတွင်းပိုင်းတွေနဲ့ မြို့ပတ်လမ်းတော်တော်များဟာ ကတ္တရာခင်းလမ်းတွေ ဖြစ်လာပါပြီ။ ရှေ့ဆက်ပြီးမြို့အတွင်းကျန်ရှိတဲ့လမ်းတွေကိုလဲ ကတ္တရာခင်းလမ်းတွေဖြစ်လာစေဖို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ဒေသအာဏာပိုင်များ၊ မြို့နေပြည်သူများ စုပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုရင် ဒလမြို့နယ်အတွင်းမှာ ကတ္တရာခင်းလမ်းအရှည်မိုင် ၈ ဒသမ ၁၂၇ မိုင်ရှိပြီး၊ ဂဝံခင်းလမ်းအရှည်မိုင် ၇၉ဒသမ၁၆၆ မိုင်၊ ကွန်ကရစ်ခင်းလမ်း ၁ ဒသမ ၅မိုင်၊ သံကူကွန်ကရစ်တံတား ၁၀စင်း၊ သံဘောလီတံတား နှစ်စင်းကို ခင်းကျင်း တည်ဆောက်ပြီးဖြစ်နေပါပြီ။

လမ်းပန်းဆက်သွယ်ရေးတွေ လုံခြုံချောမွေ့လာတာကြောင့် ဒလမြို့နေပြည်သူများလဲ သွားရေးလာရေး ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွေမှာလဲ အဆင်ပြေ လွယ်ကူလာပါတယ်။

ဒလမြို့နေ ပြည်သူများနဲ့ ဒလမြို့နယ်နဲ့ နယ်မြေချင်းဆက်စပ်တည်ရှိနေတဲ့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းမှ မြို့နယ်များဖြစ်တဲ့ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်မြို့များမှ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေ လွယ်ကူစေရေး၊ ဒေသထွက်ကုန်

**စာမျက်နှာ ၁၁ ကော်လံ(၁)သို့**

# ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ရထားလမ်းများကြံ့ခိုင်ရေးစစ်ဆေး ဘူတာဝန်းကျင် သန့်ရှင်းစိမ်းလန်းစိုပြည်ရေးလုပ်ဆောင်ရန်မှာကြား

ရန်ကုန် ဇွန် ၆

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဇွန် ၄ရက် နံနက် ၅နာရီတွင် ပြည်၊ ကြံခင်း၊ ဟသ်ာတ၊ ပုသိမ်သို့ထွက်ခွာလာရာ ပြည်မြို့သို့နံနက် ၉နာရီတွင် ရောက်ရှိသည်။ ရှေးဦးစွာ ပြည်ဘူတာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအားတွေ့ဆုံ၍ ရထားလုပ်ငန်းများ တိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရထားဝန်ထမ်းများက အထူးကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘူတာဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရထားဝန်ထမ်းများက အထူးဂရုစိုက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း မှာကြားသည်။**

ထို့နောက် ဝန်ကြီးသည် ပြည်မြို့မှ ထွက်ခွာပြီး ကြံခင်းမြို့သို့ ရောက်ရှိသည်။ ၎င်းနောက် ကြံခင်းဘူတာမှ MCA အထူးရထားငယ်နှင့်ထွက်ခွာလာရာ မြန်အောင်ဘူတာသို့ရောက်ရှိခဲ့သည်။

## အသစ်လဲလှယ်

မြန်အောင်ဘူတာ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရထားအချိန်မှန် ပြေးဆွဲနိုင်ရေး၊ သစ်သားဇလီဖားမှ ကွန်ကရစ်ဇလီဖား လဲလှယ်ရေး၊ ကျောက်ဖြည့်ရေး၊ သံလမ်းအဟောင်းမှ အသစ်လဲလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်ထွက်ခွာလာရာ ဝန်ကြီးသည် မြို့ကွင်းတံတားသို့ရောက်ရှိ စစ်ဆေးသည်။ မြို့ကွင်းတံတားကြံ့ခိုင်ရေး၊ ရေတိုက်စားမှုဘေးမှ ကာကွယ်ရေးမှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဇွန် ၅ရက် နံနက် ၇နာရီတွင် ဝန်ကြီးနှင့်အဖွဲ့သည် ဟသ်ာတဘူတာမှ MCAအထူးရထားငယ်နှင့် ဆက်လက်ထွက်ခွာလာရာ မိုင်တိုင် ၁၁၄၊ တံတားအမှတ် (၃၂)တွင် နတ်မော်တံတား၏ ကြံ့ခိုင်ရေးအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဆက်လက်ထွက်ခွာလာရာ ရေကြည်ဘူတာသို့ရောက်ရှိခဲ့သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ရေကြည်၊ အသုပ်၊ ပုသိမ် ရထားလမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပုသိမ်မြို့သို့ မွန်းတည့်၁၂နာရီတွင် ရောက်ရှိခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြို့ကွင်းတံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)**

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် IPPF တို့ ပူးပေါင်းဆောင်ရွက်သည့် ဆယ်ကျော်သက်မျိုးဆက်ပွား ကျန်းမာရေးမြှင့်တင်ရေးစီမံချက်၏ လူငယ်လုပ်ရွယ် အကျိုးဆောင်ဆရာများ မွမ်းမံသင်တန်း သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်းဆင်း လက်မှတ်ချီးမြှင့်စဉ်။ (သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေ လူငယ်လူရွယ်အကျိုးဆောင်ဆရာများမွမ်းမံသင်တန်းဆင်း အမှာစကားပြောကြား

**ရန်ကုန် ဇွန် ၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)နှင့် IPPF တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးမြှင့်တင်ရေးစီမံချက်၏ လူငယ်လူရွယ် အကျိုးဆောင်ဆရာများမွမ်းမံသင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေးသည်။

## တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ငွေနှင့် ကော်မတီဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်းဆင်း အမှာစကားပြောကြားသည်။

## သင်တန်းဆင်းလက်မှတ်ပေး

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာတို့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်*

ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ဒလမြို့မှနေ၍ မော်တော်ယာဉ်များလဲ နေ့စဉ် အချိန်မှန်ပြေးဆွဲပေးလျက်ရှိနေပါတယ်။

ဒလမြို့မှ ရန်ကုန် (ပန်းဆိုးတန်းဆိပ်ကမ်း)သို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဇက်ရေယာဉ်နှစ်စင်းဖြင့် နေ့စဉ် နံနက်၅နာရီမှ ည၈နာရီအထိ တစ်နေ့လျှင် ခေါက်ရေပေါင်း ၅၀ ပြေးဆွဲပေးလျက်ရှိပြီး နေ့စဉ်ခရီးသည်ပေါင်း ၂၈၉၅၀ကို ဘေးကင်းလုံခြုံစွာ ပို့ဆောင် ပေးလျက်ရှိပါတယ်။ပြီးတော့ ကူးတို့သမဝါယမအသင်းလီမိတက်များနဲ့ ကြီးကြပ်ရေးအဖွဲ့တို့ကလဲ စက်တပ်သမ္ဗန်ရေယာဉ်များနဲ့ အားဖြည့်ပို့ဆောင်ပေးလျက်ရှိနေပါတယ်။

နိုင်ငံတော်က မုတ်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဓိကကျသည့် လမ်းပန်းဆယ်သွယ်မှု လွယ်ကူချောမွေ့ အဆင်ပြေစေရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်းတို့မှာ ကားကူးတို့ဆိပ်များကို တည်ဆောက်ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တောက်လျှောက်မောင်းတက်၊ မောင်းဆင်း ကားကူးတို့ ရေယာဉ်နှစ်စင်းဖြင့် နေ့စဉ်ခရီးသည် တင်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများကို တင်ဆောင်ပြေးဆွဲပေးလျက် ရှိပါတယ်။

ပြီးတော့ ဒလမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ ဖြစ်စေဖို့အတွက် ၁၈-၉-၁၉၉၄ ရက်နေ့မှာ လိုင်း၃၂၀ပါ တယ်လီဖုန်းစက်ခလုတ်ခုံ တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီး ယခုဆိုရင် အော်တိုတယ်လီဖုန်း အဆင့်သို့ ပြောင်းလဲ အသုံးပြုလျက် ရှိနေပါပြီ။

သောက်သုံးရေ ရှားပါးမှုမဖြစ်စေရေးအတွက်လဲ သက်ဆိုင်ရာ အာဏာပိုင်များနဲ့ ဒေသခံများရဲ့ ပူးပေါင်းကြိုးပမ်းမှုကြောင့် ဒလမြို့နေလူထု သောက်သုံးရေဖူလုံစွာ ရရှိနေကြပြီ ဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ် အကောင်အထည်ဖော်ပေးနေတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်နဲ့ ဒလမြို့နေလူထု ယခင်ကလို သောက်သုံးရေအခက်အခဲမရှိစေဖို့ လိုအပ်တဲ့ရပ်ကွက်တွေမှာ မိုးရေလှောင်ကန်ကြီးတွေ တူးဖော်ပေးထားပြီးဖြစ်သလို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာမှာ အဝီစိတွင်းတွေတူးဖော်ပြီး ထွက်ရှိလာတဲ့ ရေများကို ကွန်ကရစ် ပိုက်လိုင်းများနဲ့ဆက်သွယ်ပြီး ဒလမြို့အတွင်း ရေပေးဝေရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ဒလမြို့နယ် ဗညားဒလရပ်ကွက်မှာ ရေပေးဝေရေးစခန်းတစ်ခု တည်ဆောက်ပြီး အဲဒီစခန်းမှတစ်ဆင့် ရပ်ကွက်များရှိအိမ်များသို့ ရေပိုက်များဆက်သွယ်ပြီး ဖြန့်ဝေပေးခဲ့တဲ့အတွက် ဒလမြို့နေပြည်သူများ တစ်သက်လုံး ကြုံတွေ့နေရတဲ့ သောက်သုံးရေပြဿနာလဲ ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်ပါသည်။

အထူးတင်ပြလိုတာက အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းတစ်ခု ဖြစ်တဲ့ပြင်သစ်နိုင်ငံအခြေစိုက် (AMI-Aide Medicare International) နိုင်ငံတကာဆေးဘက်ဆိုင်ရာ ကူညီထောက်ပံ့ရေး အဖွဲ့ကလဲ ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်းခုနစ်ခုတို့မှာ သောက် သုံးရေရှားပါးမှု မဖြစ်စေရေးအတွက် သံဓာတ်စစ်ကန်အပါအဝင် လက်နှိပ် ရေတွင်းပေါင်း ၃၃၆လုံး၊ မိုးရေလှောင်ကန် ၃၂၆ကန်၊ မြေသားကန်ကြီး ၁၅ကန်တို့ကို ဆောက်လုပ်တူးဖော်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ပြီးတော့ ဒလမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၃၀မှာ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အထောက်အကူပြု အဆောက်အအုံများကိုလဲ စေတနာအလျောက် ကူညီ ဆောက်လုပ်ပေးပြီး ဖြစ်ပါတယ်။ AMI အဖွဲ့ဟာ ဒလမြို့နေ ပြည်သူတွေ အတွက် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သလို ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးဟောပြောပွဲများကိုလဲ အခါအားလျော်စွာပညာပေးဟောပြောလျက် ရှိနေပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာပါဝင်ပြီး ရန်ကုန်နှင့်အနီးဆုံး မြို့တစ်မြို့ဖြစ်တဲ့ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ အဆင့်မြင့်မြို့တော်ဖြစ်လာစေရေးအတွက် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ပေးထားတဲ့ လုပ်ငန်းတာဝန်ကြီးလေးရပ်နှင့်အညီ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့နေပြည်သူများနှင့် ပူးပေါင်းလက်တွဲပြီး ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါတယ်။

ကဲ -အခုလောက်ဆိုရင် RFA အသံလွှင့်ဌာနရဲ့ ပင်တိုင်ဆောင်းပါးရှင် အတွေးသမားကြီး ဦးထိန်လင်း၊ တွေးထင်ထားသလို ဒလမြို့ဟာ ဖွံ့ဖြိုးတိုးတက်မှုမရှိဘူးဆိုတာ လုံးဝမဟုတ်ဘဲ၊ဒလမြို့ဟာ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာရှိတဲ့ မြို့တွေလိုပဲ တစ်ပြေးညီဖွံ့ဖြိုးတိုးတက် စည်ပင်နေတယ်ဆိုတာ အထင်အရှား ဖြစ်လောက်ရောပေါ့နော်။ နောက်နောင် ကိုယ်မသိတဲ့ အကြောင်းအရာတစ်ခုကို ဆရာကြီးလိုလို၊ သဘာကြီးလိုလို စတိုင်ဖမ်းပြီး ရမ်းတုတ်တာမျိုး မလုပ်မိစေဖို့ သတိပေးလိုက်ပါရစေ။ ရသမှုသတင်းတွေကို အမှားအမှန် စိစစ်လေ့လာခြင်းမပြုဘဲ စေတနာဆိုးနဲ့ ဒိုင်ခံထုတ်လွှင့်ပေးနေတဲ့ RFA အသံလွှင့်ဌာနကိုလဲ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတွေကို သိက္ခာချအရှက်ရစေချင်တဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ စိတ်ပုပ်၊ စိတ်ယုတ်တွေနဲ့ မဟုတ်မမှန်လုပ်ကြံသတင်းတွေ ထုတ်လွှင့်ခြင်း မပြုဖို့ မြန်မာပြည်သားတစ်ယောက်အနေနဲ့ သတိပေးလိုက်ပါရစေ။

ယနေ့ တပ်မတော်အစိုးရနဲ့ ပြည်သူတွေဟာ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်စည်ပင်ခိုင်မာတောင့်တင်းလာစေရေး၊နိုင်ငံသူနိုင်ငံသားတို့ရဲ့ လူနေမှု အဆင့်အတန်းတိုးတက်မြင့်မားလာစေရေးနှင့် ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ တည်တံ့ခိုင်မြဲရေးတို့အတွက် အဖျက်ရန်မှန်သမျှတို့ကို တွန်းလှန် ဖြိုဖျက်ကျော်လွှားပြီး စည်းစည်းလုံးလုံး၊ညီညီညွတ်ညွတ် တက်တက်ကြွကြွ ဝီရိယ အားအပြည့်အဝနှင့် ဆက်လက်ကြိုးပမ်းအားထုတ်သွား ကြမယ်ဆိုတာ ယုံမှားသံသယမဖြစ်ကြပါနဲ့လို့ ရေးသားတင်ပြလိုက်ပါတယ်။ ။

# ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်ရေး ခရိုင်နှင့်မြို့နယ်များအလိုက် အမှိုက်နှင့်ချုံနွယ်များရှင်းလင်း၊ ရေနုတ်မြောင်းများဆယ်ယူ

ရန်ကုန် ဇွန် ၆

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့်ကျန်းမာရေးအထောက်အကူ ဖြစ်စေရေးတို့အတွက် တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်များအလိုက် အမှိုက်နှင့်ချုံနွယ် ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းပေးသည်။**

### သဃ်န်းကျွန်းမြို့နယ်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် နံနက်ဖြနာရီခွဲကရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရှေ့သို့ ရောက်ရှိပြီး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရှေ့၌ အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများကလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

### သာကေတမြို့နယ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည်သာကေတမြို့နယ် ဧရာဝဏ်လမ်းမကြီး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သာယာလှပရေးနှင့်စိမ်းလန်း စိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးနေသည့် အခမ်းအနားသို့ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

### စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့်အဖွဲ့ဝင်များသည် သာကေတမြို့နယ် ဧရာဝဏ်လမ်းမကြီး ဘေးဝဲယာ၌ စိမ်းလန်းသာယာ လှပရေးအတွက် ရေတမာပင်များကို စိုက်ပျိုးပေးသည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်း ရေနုတ်မြောင်းဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(ရန်ကုန်တိုင်း)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနအနေဖြင့် ယမန်နေ့နံနက်ပိုင်းက သာကေတမြို့နယ် ဧရာဝဏ်လမ်းမကြီးတစ်လျှောက်၌ ရေတမာပင် ၃၇၆ ပင်နှင့် ပျဉ်းမပင် ၁၈၈ ပင် စုစုပေါင်း ၅၆၄ ပင် စိုက်ပျိုးခဲ့ပြီး ယခုနှစ် မိုးရာသီ ကာလ၌ ရန်ကုန်မြို့တွင်းရှိ လမ်းမကြီးများ၏ ဘေးဝဲယာ၌ ပန်းအလှပင်များနှင့်အရိပ်ရလေကာပင်များ ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

### တာမွေမြို့နယ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် တာမွေ မြို့နယ် သမိန်ဗရမ်းလမ်းနှင့် ကျိုက္ကဆံလမ်းဆုံသို့ ရောက်ရှိပြီး သမိန်ဗရမ်းလမ်းနှင့်ကျိုက္ကဆံလမ်းတစ်လျှောက်လမ်းဘေး ဝဲ/ယာရှိ ရေနုတ်မြောင်းများ အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှုအခြေအနေများကိုလည်းကောင်း၊ တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အစပ် ဗညားဒလလမ်းတစ်လျှောက်၊ ယုဇနပလာဇာရှေ့၌အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းနှင့် သမိုင်းဘူတာရုံလမ်း လမ်းဆုံ၌လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ဆယ်ယူနေမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ် ဆေးပြီးတာဝန်ရှိသူများအား တိုင်းမှူးနှင့်မြို့တော်ဝန်တို့က ရန်ကုန်မြို့တော်တစ်ခွင်သန့်ရှင်းသာယာလှပစေရေးနှင့်ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများရေစီး ရေလာကောင်းမွန်စေရန် အမှိုက်နှင့်နုန်းများဆယ်ယူ ခြင်းလုပ်ငန်းများသည် မြို့တော်နေပြည်သူများ၏ ကျန်းမာရေးကိုပါ အထောက်အကူပြုသည့်လုပ်ငန်းကြီးဖြစ်၍ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများ စနစ်တကျ ပူးပေါင်းဆောင်ရွက်ရေး၊ မိုးရာသီကာလ၌ ရေနုတ်မြောင်းများ ပိတ်ဆို့မှုသည် လူတို့သုံးစွဲ ပြီး စည်းကမ်းမဲ့စွာ စွန့်ပစ်ကြသည့် ရေသန့်ဘူးခွံ၊ ပလတ်စတစ်အိတ်ခွံနှင့် အမှိုက်များကြောင့် အကြောင်းတစ်ချက်ပါ၍ တာဝန်ရှိသူများက ရပ်ကွက်နှင့်လမ်းများပေါ်၌ရေ သန့်ဘူးခွံ၊ ပလတ်စတစ်အိတ်ခွံနှင့်အမှိုက်များမရှိစေရေး အလေးထား ဆောင်ရွက်ကြရေး၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးတို့ကို စည်းရုံးဆောင်ရွက်ကြရန်မှာကြားသည်။

### လိုအပ်သည်များဖြည့်ဆည်းပေး

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင်မင်္ဂလာဒုံမြို့နယ်နှင့်အင်းစိန်မြို့နယ်အစပ်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနက ခရေပင်လမ်းမကြီးအား ထပ်ပိုးကတ္တရာခင်းနေမှုအခြေအနေများကို ကြည့်ရှုစစ် ဆေးပြီးခရေပင်လမ်းကတ္တရာထပ် ပိုးလွှာခင်းခြင်းလုပ်ငန်း အရည်အသွေး စံချိန်စံညွှန်း မီစွာဖြင့်ရေရှည်ခိုင်ခံ့စေရန်၊ ရာသီဥတုသာယာသည့် အချိန်များ၌ စနစ်တကျလုပ် ဆောင်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း သင်တန်းခန်းမဆောင်သစ် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၆

**ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း သင်တန်းခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနားနှင့် စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁)လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၂/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ရက် နံနက် ၇နာရီခွဲက မင်္ဂလာဒုံ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း သင်တန်းခန်းမဆောင်သစ်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီး ဒေါ်ခင်လှလှ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၏ ဇနီး ဒေါ်စမ်းစမ်းဝေ၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ် ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၊ လူမှုရေး အသင်းအဖွဲ့များမှ ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

### ဖွင့်လှစ်ပေး

သင်တန်းကျောင်း ခန်းမဆောင်သစ်ကြီးကို မင်္ဂလာအချိန်ဖြစ်သည့် နံနက် ၇ နာရီခွဲတွင် ဝန်ကြီးက ဖဲကြိုးဖြတ်၍ လည်းကောင်း **(ဝဲပုံ)**၊ မော်ကွန်းကမ္ပည်းစာကို စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးသည်။ ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မြင့်က ခန်းမဆောင်သစ် ဆောက်လုပ်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ယူဆောက်လုပ်ခဲ့သည့် တော်ဝင်မိသားစုကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးလှဒင်က အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက လက်ခံသည်။

### အမှာစကားပြောကြား

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အသစ်ဖွင့်လှစ်လိုက်သည့် ခန်းမဆောင်သစ်ကြီး၌ စတင်ဖွင့်လှစ်သည့် စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့် (၁) သင်တန်းသို့ သင်တန်းသား ၅၀ တို့ တက်ရောက်ကြမည် ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်၏ ၂၀၀၄–၂၀၀၅ခုနှစ်နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၄ရက်က လသာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက သက်ဆိုင်ရာ စီမံကိန်းဝင်ဌာနများသို့ ပေးအပ်စဉ်။**
(ခရိုင်ပြန်/ဆက်)

*စာမျက်နှာ ၉ မှ*

ရည်မှန်းချက်များအောင်မြင်ပြည့်မြောက်စေရေးအတွက် ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

သဘာဝဘေးဒဏ်ကြုံတွေ့ရသည့် ဒေသများတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ကူးစက်ရောဂါများဖြစ်ပွားမလာစေရေးတို့အတွက် ကျန်းမာရေးကဏ္ဍမှ ထိရောက်တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သည်ကိုတွေ့ရကြောင်း၊ သို့ရာတွင် ကြိုတင်ပြင်ဆင်မှုအစီအမံများကို လျော့ကျမသွားစေဘဲ အမြဲအပြတ်အသင့်ပြင်ဆင်ထားနိုင်စေရန် စီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ရာသီအလိုက် ဆောင်ရွက်မြဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ရာသီအကူးအပြောင်းကာလများနှင့်အညီ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာကြည်စိုးက အမျိုးသားကျန်းမာရေးကော်မတီ(၃၉)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကိစ္စနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ၌ ပို့ချသောဘွဲ့၊ သင်တန်းများအတွက် ချုပ်ဆိုရသည့် ကတိခံဝန်ချုပ်နှင့် ငြိစွန်းသူများအား လျော်ကြေးငွေများပြင်ဆင်သတ်မှတ်ရန် ကိစ္စတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြု၊ သားဖွားသင်တန်းကျောင်းများသို့ သူနာပြုဒီပလိုမာ သုံးနှစ်သင်တန်း၊ သားဖွား ၁၈လ သင်တန်းနှင့် အရန်သူနာပြု တစ်နှစ်သင်တန်းများသို့ သင်တန်းဝင်ခွင့်ရွေးချယ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဓာတု၊ ဇီဝနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာပစ္စည်း (Chemical, Biological and Radiological Material)များနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပညာရှင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာပိုင်စိုးက ဓာတု၊ ဇီဝနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာပစ္စည်း(Chemical, Biological and Radiological Material)များနှင့်စပ်လျဉ်း၍ သုတေသနဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

## အတည်ပြုချက်ရယူ

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာကြည်စိုးက အမျိုးသားကျန်းမာရေးကော်မတီ အကြိမ်(၄၀)မြောက် အစည်းအဝေး၏ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အဘိဓမ္မာ ညဝါသင်တန်းပို့ချပေးမည်

**ရန်ကုန် ဇွန် ၆**

ပထမအကြိမ် အဘိဓမ္မာ ညဝါ အထူးသင်တန်းကို မွန်ပြည်နယ် သထုံမြို့ သုဓမ္မဝတီမြို့သစ်အနီး စန်းအေးမြိုင်ကျောင်းတိုက်၌ နယ်လှည့်အဘိဓမ္မာ ညဝါသင်တန်းနည်းပြ အရှင်နန္ဒာစရိယ(မြင်းခြံ)က အမရပူရ တောင်မြို့ ညဝါနည်းများဖြင့် စာမေးပွဲဖြေဆိုကြမည့် ရဟန်း၊ ရှင်၊ လူ၊ သီလရှင်များနှင့်လေ့လာလိုသူတို့အတွက် ပထမဝါဆိုလဆန်း၁ရက်မှ ပထမဝါဆိုလကွယ်နေ့(ဇွန်၁၇ရက်မှ ဇူလိုင်၁၆ရက်)ထိ ပထမကြီးတန်း ပဋ္ဌာန်းကျမ်း၊ အထက်ယမိုက်ငါးကျမ်း၊ ပထမလတ်တန်း အောက်ယမိုက်ငါးကျမ်း၊ ပထမငယ်တန်း မာတိကာ၊ဓာတုကထာကျမ်း၊ အခြေခံတန်း အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ရာ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

**ဇွန် ၄ ရက်က တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ကျောင်းနေအရွယ် ကလေးငယ်များအား ပညာသင်စရိတ်ပေးအပ်ပွဲအခမ်းအနားကို (၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ ရပ်ကွက်တွင်းရှိ ကျောင်းသား ကျောင်းသူ ၆၁ ဦးတို့အတွက် အလှူငွေ ၂၄၀၀၀၀ ကို အလှူရှင် (၉)ရပ်ကွက်မှ ဦးစိုးတင့်နှင့် ဦးစိုးနိုင်တို့က မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွယ်သို့ ပေးအပ်လှူဒါန်းစဉ်။ (၁၉၂)**

■ **ကျောဖုံးမှ**

နားစွင့်လျက်ရှိ ကြသည်။ ပြိုင်ပွဲအကြို ချစ်ကြည်ရေး ခြေစမ်းပွဲများကို ဥရောပတစ်လွှား၌ ယှဉ်ပြိုင်ကစားလျက်ရှိကြရာ ယမန်နေ့ကပွဲစဉ်များတွင် အင်္ဂလန်၊ ဆွီဒင်နှင့် ခရိအေးရှားတို့ အနိုင်ရခဲ့ကြပြီး ဟော်လန်နှင့်ဒိန်းမတ်တို့ အရှုံးနှင့် ရင်ဆိုင်လိုက်ရသည်။

## အင်္ဂလန်ဂိုးပြတ်နိုင်

အုပ်စု(ခ)တွင် ပါဝင်လျက်ရှိပြီး လက်ရှိချန်ပီယံ ပြင်သစ်နှင့် ပွဲဦးထွက်ကစားရမည့် အင်္ဂလန်အသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲတွင် အိုက်စလန်အသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဇွန် ၅ ရက်က ယှဉ်ပြိုင်ကစားသော အဆိုပါခြေစမ်းပွဲတွင် အင်္ဂလန်အသင်းက ခြေစွမ်းပြဂိုးပြတ်အနိုင်ရရှိခဲ့ရာ ဂျပန်အသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့၍ ဘဝင်မကျဖြစ်နေသော အင်္ဂလန်အသင်းကို အားပေးသူ ပရိသတ်များအား စိတ်ကျေနပ်မှုရရှိသွားစေခဲ့သည်။

အင်္ဂလန်အသင်းအတွက် ပထမဂိုးကို ၂၅ မိနစ်တွင် အလယ်တန်းလူ ဖရန့်လမ်းပတ်(ချယ်လ်ဆီး)က သွင်းယူသည်။ ဒုတိယဂိုးကို ၂၇ မိနစ်တွင် လူငယ်တိုက်စစ်မှူး ဝိန်းရူနီ(အဲဗာတန်)က သွင်းယူပြီး တတိယဂိုးကို ၃၈မိနစ်တွင် ဝိန်းရူနီကပင် သွင်းယူပေးသည်။ အိုက်စလန်အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၄၂ မိနစ်တွင် ဟယ်လ်ဂူဆန်က သွင်းယူခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် အင်္ဂလန်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အင်္ဂလန်အသင်းက ခြေစွမ်းပြကာ အိုက်စလန်အသင်းကိုအပေါ်စီးမှ ကစားသွားနိုင်သည်။ သုံးဂိုးထပ်မံရရှိခဲ့ရာ ဒါးရီးယပ်ဗက်ဆဲလ်(အက်စတွန်ဗီလာ)က ၅၇ မိနစ်၌ စတုတ္ထဂိုးနှင့် ၇၇ မိနစ်၌ ဆဋ္ဌမဂိုးသွင်းယူပေးသည်။ ၆၈မိနစ်၌ ဝိန်းဘရစ်ချ်က ပဥ္စမဂိုး သွင်းယူပေးနိုင်သဖြင့် ပွဲအပြီးတွင် ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ အင်္ဂလန်အသင်းသည် ပြင်သစ်၊ ဆွစ်ဇာလန်၊ ခရိအေးရှားတို့နှင့် အုပ်စုပွဲစဉ်များ ကစားရမည်ဖြစ်သည်။

## ဟော်လန်အခြေမလှ

အုပ်စု(ဃ)မှ လိမ္မော်ရောင်ဝတ်စုံပိုင်ရှင်ဟော်လန်အသင်းသည် ပွဲကြိုခြေစမ်းပွဲများတွင် ခြေစွမ်းမပြနိုင်ဘဲ ဖြစ်နေရာ အုပ်စုကိုကျော်ဖြတ်နိုင်ပါ့မလားဟု တွေးထင်စရာဖြစ်လာသည်။ ဇွန် ၆ ရက်က ယှဉ်ပြိုင်ကစားသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် နာမည်ကြီး ဟော်လန်အသင်းသည် အိမ်ကွင်း မိမိပရိသတ်ရှေ့မှောက်၌ အိုင်ယာလန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။ ဟော်လန်နှင့်အိုင်ယာလန် ခြေစမ်းပွဲတွင် အိုင်ယာလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၅ မိနစ်တွင် တိုက်စစ်မှူး ရော်ဘီကိန်းက သွင်းယူပေးသည်။

ဟော်လန်အသင်းသည် မေ ၂၉ ရက်က ချစ်ကြည်ရေးခြေစမ်းပွဲတွင် အိမ်ကွင်း၌ ဘယ်လ်ဂျီယံကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ ယခုပွဲထပ်မံရှုံးသွား၍ မိမိပရိသတ်ရှေ့မှောက်၌ မျက်နှာပန်းမလှဖြစ်သွားစေခဲ့ရသည်။ ဟော်လန်အသင်းသည် အသင်းငယ်လေး ဖာရိုးကျွန်းစုကို ဆွစ်ဇာလန်မြေ၌ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း အားရလောက်စရာခြေစွမ်းမျိုး မပြနိုင်သေးပေ။ ဟော်လန်အသင်းသည် အားကောင်းသော အသင်းများနှင့်တွေ့လျှင် ရှေ့တန်းလူများ ဂိုးသွင်းစွမ်းရည် ပျောက်နေတတ်သည်။ ခြေစစ်ပွဲစဉ်များ ကစားစဉ်ကလည်း အိမ်ကွင်းမိမိပရိသတ်ရှေ့မှောက်၌ စကော့တလန်ကိုတစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

## ခရိအေးရှားနိုင်ပွဲဆက်

အုပ်စု(ခ)မှခရိအေးရှား အသင်းနှင့်အုပ်စု(ဂ)မှ ဒိန်းမတ်အသင်းတို့ ယမန်နေ့က ဒိန်းမတ်နိုင်ငံ၌ ချစ်ကြည်ရေးခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ခရိအေးရှားအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ခရိအေးရှားအသင်းအတွက် ၂၇မိနစ်တွင် ဘိုကိုတာက ပထမဂိုးသွင်းပြီး ၄၁မိနစ်တွင် အိုလစ်ဖ်က ဒုတိယဂိုး သွင်းယူပေးသည်။ ဒိန်းမတ်အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၅၆မိနစ်တွင် အဘီဆန်းက သွင်းယူသည်။

၁၉၉၂ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ဒိန်းမတ်အသင်းသည် အိမ်ကွင်း၌ အရှုံးပေါ်သွားရာ ယခုခြေစွမ်းအတိုင်းဆိုလျှင် အုပ်စုပွဲစဉ်များ၌ အီတလီနှင့် ဆွီဒင်တို့ကို ကျော်ဖြတ်ရန် ခက်ခဲမည်ဖြစ်သည်။ ခရိအေးရှားအသင်းသည် ယခုပွဲမတိုင်မီ မေ ၂၉ ရက်က ဆလိုဗားကီးယားကို အိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။

## ဆွီဒင်အနိုင်ရ

အုပ်စု(ဂ)မှ ဆွီဒင်အသင်းသည် ခြေစစ်ပွဲမအောင်သော ပိုလန်အသင်းကို အိမ်ကွင်း၌ ဧည့်ခံကစားရာ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဇွန် ၅ ရက်က ဆွီဒင်မြေ၌ ယှဉ်ပြိုင်ကစားသော အဆိုပါ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ဆွီဒင်အသင်းက သုံးဂိုးသွင်းယူပြီးမှ ပိုလန်အသင်းက ချေပဂိုး တစ်ဂိုး ပြန်သွင်းယူနိုင်ခြင်းဖြစ်သည်။ ဆွီဒင်အတွက် အနိုင်ဂိုးများကို ဟင်းနရစ်လာဆင်၊ ဂျက်ကော့ဆန်နှင့် မားကပ်စ်အောဘတ်တို့က တစ်ဂိုးစီ သွင်းယူပေးသည်။ ပိုလန်အသင်းအတွက် ၈၈မိနစ်တွင် ကိုရော့စကီးက ချေပဂိုးတစ်ဂိုးသွင်းယူပေးသည်။

## အီတလီလူစာရင်း

ယူရို ၂၀၀၄ပြိုင်ပွဲအကြိုခြေစမ်းပွဲတွင် အာဖရိကချန်ပီယံတူနီးရှားကို အနိုင်ရရှိပြီး ရေပန်းစားမှုမြင့်တက်လာသော အီတလီအသင်း၏ အပြီးသတ်လူစာရင်း ၂၃ ဦးကို နည်းပြဆရာ ထရာပတ်တိုနီက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အီတလီအသင်းတွင် **(ဂိုး)**၊ ဘတ်ဖွန်(ဂျူဗင်းတပ်)၊ တော်လ်ဒို (အင်တာမီလန်)၊ ပီရူဇီ(လာဇီယို)၊ **(နောက်တန်း)** ကန်နာဗာရို (အင်တာမီလန်)၊ နက်စတာ(အေစီမီလန်)၊ ဇမ်ဘရော့တာ(ဂျူဗင်းတပ်)၊ ပနူချီ (ရိုးမား)၊ မာတာရာဇီ(အင်တာမီလန်)၊ ဖာရာရီ(ပါးမား)၊ အော်ဒို(လာဇီယို)၊ ဖာဗယ်လီ(လာဇီယို)၊ **(အလယ်တန်း)** ပါရော့တာ (ခီယေဗို)၊ ခရစ္စတီယာနိုဇနက်တီ (အင်တာမီလန်)၊ ဖီအိုရီ (လာဇီယို)၊ ဂတ်တူဆို(အေစီမီလန်)၊ ပီယာလို (အေစီမီလန်)၊ ကာမိုရာနီစီ (ဂျူဗင်းတပ်)၊ **(ရှေ့တန်း)** တော့တီ (ရိုးမား)၊ ဗီယာရီ (အင်တာမီလန်)၊ ဒယ်ပီယာရို (ဂျူဗင်းတပ်)၊ ကာဆာနို (ရိုးမား)၊ ကော်ရယ်ဒီ (လာဇီယို)၊ ဒီဗိုင်ယို (ဂျူဗင်းတပ်)တို့ပါဝင်ကြသည်။

## ယူရိုပွဲနှင့်လွဲရသူများ

ယူရို ၂၀၀၄ နှင့် အနီးကပ်မှ လွဲသူများထဲတွင် ဂူလီ(ပြင်သစ်)၊ ဆာလ်ဂါဒို(စပိန်)၊ စထရီလာ(ဆွစ်ဇာလန်)၊ မော်တန်ဝိုင်းဟော့စ်(ဒိန်းမတ်)၊ ပေါ်ဖာရိုင်ရာ(ဂျာမနီ)၊ မာ့ဗန်ဘွန်းမဲလ်(ဟော်လန်)၊ အိုနော့ဗ်ကို(ရုရှား)၊ လော့စ်ကော့ဗ်(ရုရှား)၊ အိုင်နာရှက်ဗစ်ချ်(ရုရှား)နှင့် ဆဗင်ဆင်(ဆွီဒင်)တို့ ပါဝင်ကြသည်။ ။ **(မြန်မာ့အလင်း)**

# နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၃)ဖြန့်ချိ

**ရန်ကုန် ဇွန် ၆**

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၅၃)ကို ယနေ့(တနင်္လာနေ့)တွင် ဖြန့်ချိလိုက်ပြီဖြစ်သည်။

'မီဒီယာခေတ် မကျန်ရစ်ဖို့' ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် ရာထူးမှ နုတ်ထွက်သည့် စီအိုင်အေ အကြီးအကဲ၊ ချီလီနိုင်ငံအကြောင်း သိကောင်းစရာ၊ နီပေါဝန်ကြီးချုပ်အဖြစ် ဗဟာဒူးအား ပြန်လည်ခန့်အပ်၊ သမ္မတ ဘုရှ်၏ ဥရောပခရီးစဉ်၊ ဒုံးကျည်စမ်းသပ်သည့် ပါကစ္စတန်၊ နော်ဝေနှင့် ဆေးလိပ်ပိတ်ပင်ချက်၊ ကမ္ဘာ့အကြီးဆုံး အိုင်တီ ဈေးကွက်၊ ထောင်ဒဏ်ချမှတ်ခံရသော အိုလံပစ်ကော်မတီဒုဥက္ကဋ္ဌ၊ အစွမ်းထက် လက်ကိုင်ဖုန်းများ၊ နိုင်ငံတကာ ဟာသ၊ ဂါဇာဒေသပြန်လည်ထူထောင်ရေး၊ အဘူဂါရိပ်အကျဉ်းစခန်းမှ ငရဲခန်း၊ ယုံချင်ယုံ မယုံချင်နေ၊ ဆေးဝါးတုများအန္တရာယ်၊ အမေရိကန် အလိုရှိနေသော အကြမ်းဖက်သမားများ၊ အီရတ်ဆိုင်ရာ လုံခြုံရေးကောင်စီ အဆိုပြုချက်မူကြမ်း၊ ဆားစ်ကာကွယ်ဆေး တရုတ်နိုင်ငံ၌ စမ်းသပ်စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❒ *ကျောဖုံးမှ*

**ယနေ့နံနက် ၉နာရီခွဲတိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။**

**ဇွန် ၇ ရက်ညနေထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

၇–၆–၂၀၀၄ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈:၀၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၈:၁၅ ၈။ အရေးပြိုင်ပွဲ

၈:၂၀ ၉။ ကျောက်ကြီးပေါက်တံတား

၈:၃၀ ၁၀။ International News

၈:၄၅ ၁၁။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)

၁၇:၁၅ ၆။ အကပဒေသာ

၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး

၁၇:၃၅ ၈။ ကံတင်ဘီးလင်းရေလှောင်တမံ

၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)

၁၈:၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ

၁၈:၀၅ ၁၁။ စက်မှုစွမ်းအား ခေတ်ကျော်လွှား

၁၈:၁၅ ၁၂။ ကယားရိုးရာ ဝတ်စားဆင်ယင်မှု

၁၈:၂၀ ၁၃။ Discovery

၁၈:၃၀ ၁၄။ ညနေခင်းသတင်း

၁၉:၀၀ ၁၅။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၆။ တေးဂီတအစီအစဉ်

၁၉:၁၅ ၁၇။ တောင်ဇလပ်ပန်းပွင့်လန်းဝေဆာ သွေးချင်းတို့ ချင်းဌာနေမှာ

၁၉:၃၀ ၁၈။ ကျေးလက်ဒေသတစ်ခွင် အလှဆင်

၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း

၂၀။ နိုင်ငံတကာသတင်းများ

၂၁။ မိုးလေဝသအခြေအနေ

၂၂။ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၄၄)

မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၅ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းဌေး ပညာပေးဟောပြောစဉ်။ (ဝဉ၄)

## ရန်ကုန်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဇွန် ၆**

ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း)တွင် ဦးကျော်ထွန်း (ရောက်သီး)သည် ဇွန်၄ရက် ညနေ ၄ နာရီ၁၅မိနစ်တွင် ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ် (၈) ၁၄၆ ကိုက် အကွာမှ Tour Special No.(5) ဘောလုံးအား Iron No.(6) Katana တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးခိုင်စိုးသာ၊ ဦးလှဝင်းနှင့် ဦးမောင်ပြုံးတို့လည်း အတူကစားခဲ့ကြသည်။ **(က–ပ)**

## မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄)ဖြန့်ချိ

**ရန်ကုန် ဇွန် ၆**

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်းဂျာနယ်တွင် ကာတာအဲယားဝေး မြန်မာနိုင်ငံသို့ ပျံသန်းနိုင်ရန် ညှိနှိုင်းနေ၊ ပြည်တွင်းထုတ် အပေါ့စားကုန်တင်ယာဉ်များ ဈေးကွက်ဝင်ရောက်၊ အိန္ဒိယ အက်စ်ဘီအိုင် ဘဏ် ရန်ကုန်တွင် ကိုယ်စားလှယ် ရုံးဖွင့်ရန် စဉ်းစား၊ သန်လျင်တံတား သုံးနှစ်အခွန်ကောက်ခွင့် ဈေးပြိုင်စနစ်ဖြင့် ပေး၊ ဆင်ထိန်းသိမ်းရေး စီမံချက် ၂၀၀၇ခုနှစ်မတိုင်မီ အပြီးသတ်မည်၊ ဘောက်ကားဈေးကွက် ပြန်လည်အသက်ဝင်၊ ကမ္ဘာ့အကြီးဆုံးသော လွတ်လပ်သောကုန်သွယ်မှုဇုန် ဖွင့်ရန်ရှိ၊ အိမ်ရှေ့မင်းသား စုတ်ကောလာဘ်ကောဝင်၊ ရုရှားအချမ်းသာဆုံးသူကြွယ် အမြတ်ခွန်ရှောင်၍ တရားစွဲခံရ စသည့် ပြည်တွင်း ပြည်ပ သတင်းများနှင့် အတူ အိန္ဒိယ ပဲဈေးကွက်နှင့် နိုင်ငံတကာဆန် ဈေးကွက်သတင်းများ၊ ကုန်စည်ဒိုင်များနှင့် နယ်စပ်ကုန်သွယ်ရေး သတင်းများဖြင့် စုံလင်စွာဖော်ပြထားပြီး e-Empire Media House ဖုန်း ၇၀၃၈၀၃ က မြန်မာတစ်ပြည်လုံး ဖြန့်ချိသည်။ **(က–ပ)**

## တောင်ကြီးမြို့နယ်ဥက္ကဋ္ဌဒိုင်းရပ်ကွက်နှင့်ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်

**ရန်ကုန် ဇွန် ၆**

၂၀၀၄ခုနှစ် တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်၁ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ အမှတ်(၂၁၂) ဆက်သွယ်ရေးဘောလုံးကွင်း၌ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားတွင် တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်လွင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နမ့်ဟူးကျေးရွာဘောလုံးအသင်းနှင့် ချမ်းသာရပ်ကွက် ဘောလုံးအသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အသင်းပေါင်း ၃၂သင်း ပါဝင်ယှဉ်ပြိုင်ပြီး အုပ်စု (၁၁)စုခွဲကာ အုပ်စုပတ်လည်ပွဲများကိုတစ်နေ့လျှင်သုံးပွဲကျ ပြည်နယ်အားကစားပြိုင်ကွင်းနှင့် အမှတ်(၂၁၂) ဆက်သွယ်ရေးကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် စနေနေ့ ပုံမှန်အထူးသန့်ရှင်းရေး (ကျွတ်ကျွတ်အိတ်နှင့် ပလတ်စတစ်)ကို ဇွန်၅ရက်က(၄)ရပ်ကွက်တွင် ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဖိုးသာအောင် ခေါင်းဆောင်သောသန့်ရှင်းရေးတပ်ခွဲမှူးများသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (၂၀၀)**


## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၆၁၅(ဂျေ)နေ
ဦးသန်းအောင်(တရားရုံးချုပ်ရှေ့နေနှင့် နိုတာရီပဗ္ဗလစ်)–ဒေါ်မြင့်မြင့်ကြည်
တို့၏ သားငယ်
**မောင်သူရအောင်** B.Sc (Physics)
T.A.S Co., Ltd., Director
e Trade Myanmar, CEO
နှင့်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက်–၄၊ အခန်း(၂၀၃/၂၀၄)နေ
ဗိုလ်မှူးကျော်မြင့်သိန်း(ငြိမ်း)–ဒေါ်ကေသီကျော်ဆန်း
တို့၏ သမီးကြီး
**မသီတာကျော်မြင့်သိန်း** B.Sc (Physics)
2nd Year (Diploma in Chinese), Y.U.F.L

တို့ကို ရန်ကုန်မြို့ တရားရုံးချုပ်၌ ၁–၆–၂၀၀၄ရက်တွင် လက်ထပ်မော်ကွန်းတင်ပေးသူ တရားသူကြီး ဦးချစ်လွင်၊ Traders Hotel ၌ ၆–၆–၂၀၀၄ ရက်တွင် မင်္ဂလာလက်ဆောင်မွန်ဖြင့်ပေးပို့၍ ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ အောင်စံပယ်ပန်းကုံးတို့ဖြင့် ချီးမြှင့်မင်္ဂလာပြုပေးသူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့်ဇနီး ဒေါ်ချိုချိုမော်၊ ရတနာလက်စွပ်တို့ဖြင့် ချီးမြှင့်ဆင်မြန်းမင်္ဂလာပြုပေးသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် သန်းထွန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ မင်္ဂလာပန်းကြဲပေးသူ မထင်လပြည့်ဝန်း၊ မင်္ဂလာစံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသူ မစံပယ်ကျော်မြင့်သိန်း၊ မင်္ဂလာရတနာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသူ မမြပြည့်စုံ၊ သတို့သားအရန်များအဖြစ် မောင်စိုးမင်းလတ်နှင့် မောင်ထင်မင်းအောင်၊ သတို့သမီးအရန်များအဖြစ် မနှောင်းဒါလီဦးနှင့် မဇာခြည်ဝင့်၊ မင်္ဂလာအခါတော်ပေး သီဆိုသူ ဟေမာနေဝင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ တေးဂီတအဖွဲ့ နိုက်တင်ဂေး၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်း၊ ဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းတင်ပေးသူ ဖြိုးမိုးသစ်၊ အဝေးမှဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက် ပုဂ္ဂိုလ်များအားလုံး၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သူရအောင်–မသီတာကျော်မြင့်သိန်း။**



## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပိတောက်လမ်း၊ အမှတ်(၁၅/၉၁)နေ
ဗိုလ်မှူးကျော်ရွှေ[ငြိမ်း၊ G.M (OK Food Co.,Ltd.)]– ဒေါ်မိုးမိုး
တို့၏သားကြီး
**မောင်ကျော်စွာအောင်ဆန်း** B.A(Music)
Production Manager(Multilac., Micron & Macklite Paint)
A.M.T General Trading Co.,Ltd.
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ဗိုလ်မှူးအေးချိုလမ်း၊
အမှတ် (၁၂၈၁) နေ
ဦးကျော်ညွန့်(ချည်/ထည်၊ သမိုင်း၊ငြိမ်း)–ဒေါ်မြကြွယ်တို့၏သမီးထွေး
**မနီနီထွေး**
Receptionist (Shine Laundry Limited)

တို့၏ ၆–၆–၂၀၀၄ရက်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်စွာအောင်ဆန်း–မနီနီထွေး။**



## မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း) U-9 မြေကွက်ကို သင့်တင့်လျောက်ပတ်သော ဈေးနှုန်းနှင့် ဝယ်ယူလိုပါသဖြင့် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

**ဆက်သွယ်ရန် ဖုန်း–၀၉–၉၉–၂၅၃၂၆။**



## အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)
Teacher˚-˚Fluent in English
Ph:662970, 663820
(အလုပ်သမားမှတ်ပုံတင် ယူဆောင်လာရမည်။)



## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသန်းအောင်(TGKN–၀၁၇၉၄၅)၊ အမှတ် ၁၁၁၇၊ ဗိုလ်ချုပ်လမ်းသွယ်(၂)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ် ၂၉၊ သုံးလွှာ၊ အလျားပေ ၂၀X အနံ ၆၆ ပေဟု အဆိုပြုသော ရေ၊ မီး၊ ကိုယ်ပိုင်မီတာအပါအဝင် တိုက်ခန်းနှင့်တကွ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ကျွန်ုပ်၏ မိတ်ဆွေဦးသန်းအောင်(TGKN–၀၁၇၉၄၅)မှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
ဒေါ်ခင်ကြည် B.A,R.L တရားရုံးချုပ်ရှေ့နေ(၁၇၄၇)
ရုံးအမှတ်(၅၆၃)၊ ပ/ထပ်၊ အခန်း ၁၀၃(ဂျီ)၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ ဖုန်း–၂၈၆၁၃၅။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဆင်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၆

**ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂/၂၀၀၆)သင်တန်းဆင်းပွဲ နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန်၄ရက်နံနက်၁၀နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။**

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့် စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့်အဖွဲ့ဝင်များ၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အလှူရှင်များ၊ နည်းပြဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

## အလှူငွေပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးကျော်ကျော် (K-Y.Kyaw Kyaw Trading Co.,Ltd.) က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ မိတ္တူကူးစက်တစ်လုံးနှင့် အလှူငွေ ကျပ်၁၀သိန်း စုစုပေါင်း အလှူငွေကျပ်၁၅သိန်း၊ ဦးဇော်လင်းထွန်း(ရွှေသစ်ဥကုမ္ပဏီ)ဦးအောင်ကျော်ဦး(ရတနာဖြိုးဝေ မွေးမြူရေး)နှင့် ကိုအောင်အောင်မိသားစုတို့က အလှူငွေကျပ်နှစ်သိန်းစီ၊ဦးအေးဝင်းမိသားစုနှင့် ဦးခင်မောင်ထူးမိသားစုတို့က အလှူငွေကျပ်တစ်သိန်းစီနှင့်ဦးသောင်းကြင်-ဒေါ်စန်းမြင့်မိသားစုက အလှူငွေကျပ်ငါးသောင်းအပါအဝင်အလှူရှင်များမှ စုစုပေါင်းအလှူငွေကျပ် ၂၃၅၀၀၀၀ ကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

## အမှတ်တရလက်ဆောင်ပေးအပ်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် သင်တန်းသူများ ကိုယ်စား သင်တန်းသူ ဒေါ်လှလှဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်နမူနာများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး ဖွင့်လှစ်သည့် အမှတ်စဉ် (၂/၂၀၀၆) စက်ချုပ် သင်တန်း ဆင်းပွဲနှင့် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားတွင် အလှူငွေများ ကို လက်ခံစဉ်။

(ရန်ကုန်တိုင်း)

**တာမွေမြို့နယ် သုခလမ်း၊အမှတ် ၄၁နေ ဦးမြင့်အောင် – ဒေါ်ရှုဟုန်၊ (သမီး) မအေးသက်ထားအောင်နှင့် ဦးရဲလွင်ထွန်း–ဒေါ်စန်းစန်း၊ (သမီး) စမ်း သီ ရိ ထွန်း မိသားစု တို့က အလှူငွေ ကျပ်နှစ်သိန်းနှစ်သောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊သုဒ္ဓသုနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းရန်ကုန်သို့လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ဒေါ်ရွှေဇီးကွက်)က လက်ခံယူစဉ်။**

(က–ပ)

# တိပိဋကပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးများ ကမ္ဘာသုံးအင်္ဂလိပ်ဘာသာပြန်ဆိုရေး ပါဠိ၊သက္ကတ၊အင်္ဂလိပ်ဘာသာပညာရှင်များ ပညာဒါနကုသိုလ်ပါဝင်ရန်နှိုးဆော်

**ရန်ကုန် ဇွန် ၆**

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ တည်တံ့ပြန့်ပွားရေးအတွက် မီးရှူးတန်ဆောင်သဖွယ်ဖြစ်သော ပါဠိဘာသာဝေါဟာရ အပြည့်စုံဆုံး၊ ပညာရှင်များအားထားရဆုံးတိပိဋကပါဠိ–မြန်မာအဘိဓာန်ကျမ်းကြီးများကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပခုက္ကူမြို့တို့မှ ပရိယတ္တိ စာသင်တိုက်ဆရာတော်ကြီးများ ဦးစီး၍ အဘိဓာန်ပြုစုရေးအဖွဲ့ငါးဖွဲ့ဖြင့် နှစ်ပေါင်း၅၀ခန့် ပြုစုစီရင်ခဲ့ကြပြီး အုပ်တွဲကြီး၁၈တွဲမျှ ပုံနှိပ်ထုတ်ဝေပြီး ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖို့ ဂုဏ်ယူဖွယ်ကောင်းလှသော ဗုဒ္ဓသာသနာ့သမိုင်းဝင်ဖြစ်သည့် ယင်း တိပိဋက ပါဠိ–မြန်မာအဘိဓာန်ကျမ်းကြီးများကို ကမ္ဘာသုံးအင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေနိုင်ပါက ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက်များစွာအထောက်အကူပြုမည်ဖြစ်ပြီး မြန်မာ့စာပေ အမွေအနှစ်သာမက ကမ္ဘာ့စာပေအမွေအနှစ်အဖြစ် ကျန်ရစ်စေမည်ဖြစ်သည်။ ယခုအခါ သာသနာရေးဝန်ကြီးဌာနသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ မြန်မာစာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့် ရန်ကုန်တက္ကသိုလ်တို့မှ ပညာရှင်များ ပါဝင်လျက် ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့ငါးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ရာ မြန်မာနိုင်ငံတွင်းရှိ ပါဠိဘာသာ၊ သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာ ပညာရှင်ပုဂ္ဂိုလ်များသည် အင်္ဂလိပ်ဘာသာပြန်ဆိုရေး စီမံချက်တွင် ပညာဒါန ကုသိုလ် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သာသနာရေးဝန်ကြီးဌာန၊ဖုန်း–၆၆၅၆၇၃၊၆၆၀၇၆၆ တို့သို့ ဆက်သွယ်၍ စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာရင်းစစ်မှူးများလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဆင်း ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း အမှာစကားပြောကြား

ရန်ကုန် ဇွန် ၆

**စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း စာရင်းစစ်မှူးများလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁၆)ဆင်းပွဲကို ဇွန်၄ရက် မွန်းလွဲပိုင်းက သင်တန်းကျောင်း၌ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။**

## တက်ရောက်

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းရှိ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများတက်ရောက်ကြသည်။ အဆိုပါ သင်တန်းသို့ စာရင်းစစ်ချုပ်ရုံးနှင့် ဒေသဆိုင်ရာစာရင်းရုံးများမှ စာရင်းစစ်မှူးများတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မေ ၃၁ ရက်က လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပရာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ပညာသင်စရိတ်ထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ပေးအပ်စဉ်။**

(က–ပ)

# ပန်းအလှပင်များပြုပြင်

**ရန်ကုန် ဇွန် ၆**

ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးလျက်ရှိရာ မေ ၁၈ရက်က အမှုဆောင်အရာရှိဦးသာဝင်း၊တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းဇော်ဦးနှင့်ဝန်ထမ်းများကအဖွဲ့ရုံးရှိ ပန်းအလှပင်များပြုပြင်ခြင်း၊ပေါင်းမြက်များနုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**ဗဟန်းမြို့နယ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ ရက်က ငါးထပ်ကြီးတောင် ရပ်ကွက် ငါးထပ်ကြီးဘုရားဝင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။**(က–ပ)

**အလုံမြို့နယ် သစ်တောရပ်ကွက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၂၇ ရက်က ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းက ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းနိုင်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။**

(က–ပ)

# ချင်းပြည်နယ် စည်ပင်ညွှန်ကြားရေးမှူး တီးတိန်မြို့နယ် စည်ပင်လုပ်ငန်းများစစ်ဆေး

**တီးတိန် မေ ၁၈**

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်တို့က မေ ၂ ရက်မှ ၄ ရက်အထိ တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ငွေလုံးငွေရင်းလုပ်ငန်းများ၊ မြို့ရေပေးဝေရေးဆိုင်ရာလုပ်ငန်းများ၊ အဖွဲ့ပိုင်ပန်းအလှပင်များ ပျိုးထောင်မှု **(ဝဲပုံ)** နှင့် လမ်းဘေးဝဲယာတွင် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုကြပြီးနောက် လွှတ်လပ်ရေး ကျောက်တိုင် ကျောက်စီ၊ မြေထိန်းနံရံနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရန်ဖြစ်သော ကျောက်စီ မြေထိန်းနံရံများ၊ သုံးမြှောင့်တြိဂံနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ပလက်ဖောင်း၊ ရေမြောင်းတူးဖော်ဆောင်ရွက်မည့် အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။

**(မြို့နယ်စည်ပင်)**

## သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**တွံတေး မေ ၃၀**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တွံတေးမြို့နယ် စည်းရုံးရေးကော်မတီ၏ အသက်(၇၀) အထက် အဖွဲ့ဝင် သက်ကြီးပူဇော်ပွဲနှင့် အဖွဲ့ဝင် သားသမီးများ ပညာရည်ချွန်ဆုပေးပွဲ ၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို မေ ၂၆ ရက် နံနက်က အဆိုပါ စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြသိမ်း(ငြိမ်း)က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး သက်ကြီးအဖွဲ့ဝင် ၂၅ ဦးတို့အား တစ်ဦးလျှင် ကျပ် သုံးထောင်စီဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် မူလတန်းမှ အထက်တန်းအထိ ပညာထူးချွန် ကျောင်းသူကျောင်းသားများအား ဆုချီးမြှင့်ပေးကြသည်။ **(၃၈၀)**

# အမြို့မြို့ အနယ်နယ် သတင်းများ

**ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ် (၉)ရပ်ကွက် မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်း၊ နုန်းမြေများ ဆယ်တင်ခြင်းနှင့်အမှိုက်များရှင်းလင်းခြင်းတို့ကို မေ ၂၂ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## ယဉ်ကျေးမှုသင်တန်းနှင့် စာမေးပွဲ သနပ်ပင်၌ကျင်းပ

**သနပ်ပင် မေ ၂၉**

ပဲခူးခရိုင်သနပ်ပင်မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော ယဉ်ကျေးမှုသင်တန်းနှင့် စာမေးပွဲကို မေ၂၅ရက်က မန်းကျောင်းတိုက် ကသစ်ဝိုင်ဓမ္မရိပ်သာတွင် ကျင်းပသည်။

**ဖြေဆို**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး ဖွင့်လှစ်လိုက်သည်။ ယဉ်ကျေးမှုစာမေးပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ စန္ဒောဘာသာ (ဂန္ထဝါစကပဏ္ဍိတ)၊ အကျိုးဆောင် ဆရာတော် ဘဒ္ဒန္တ ကိတ္တိမာလာ (ဓမ္မာစရိယ)နှင့် မြို့နယ်ဝိနည်းဓိုရ် ဆရာတော် ဘဒ္ဒန္တ စန္ဒနမာလာတို့က ကြီးကြပ်ဆောင်ရွက်ကြပြီး စာမေးပွဲသို့ ၆၂ ဦး ဝင်ရောက်ဖြေဆိုကြသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

**ဇွန် ၂ ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် လမ်းမကြီးတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးရန်မြေချ စိုက်ပျိုးမည့် ပန်းအလှပင်နှင့် အရိပ်ရပင်များကို အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် ဝန်ထမ်းများက အဖွဲ့ပိုင်ပျိုးဥယျာဉ်၌ စုပေါင်းစိုက်ပျိုးကြစဉ်။** (မြို့နယ်စည်ပင်)

## ကျေးလက်လမ်းလုပ်ငန်း ပန်းတနော်၌စစ်ဆေး

**ပန်းတနော် မေ ၂၅**

ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာခင်းမည့် ရွှေမြင်တင် ဘုရားလမ်းနှင့် ကျေးလက်လမ်းလုပ်ငန်းများ အကြိုဆောင်ရွက်မှု အခြေအနေများကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မေ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသော်ဇင်ဝေတို့က လိုက်လံရှင်းလင်းပြသကြကြောင်း သိရသည်။ **(အောက်ပုံ)** **(၃၂၇)**

## အော်တိုဖုန်းတပ်ဆင်ရေး ကောလင်း၌ ဆောင်ရွက်

**ကောလင်း မေ ၃၀**

ကောလင်းမြို့တွင် ပြည်တွင်းပြည်ပဆက်သွယ်မှု လွယ်ကူစေရန် ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတို့ပူးပေါင်း၍ ကောလင်းမြို့နယ် အော်တိုတယ်လီဖုန်းတပ်ဆင်ရေးကိုမတ်လမှစတင်၍ မေ ၂၂ရက်ထိ လုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အော်တိုတယ်လီဖုန်းတပ်ဆင်ရေးတွင် ရန်ကုန်ရုံးချုပ် အင်ဂျင်နီယာအဖွဲ့နှင့် ဝန်ထမ်းများက ကွန်ကရစ်တိုင်စိုက်ထူခြင်း၊ မြေအောက် ကေဘယ်ကြိုးများ မြှုပ်နှံခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ ယခုအခါ ကောင်းကင် ကေဘယ်ကြိုးများကို သွယ်တန်းဆောင်ရွက်ကြသည်။

ယခင်က လက်လှည့်တယ်လီဖုန်းဖြင့် အော်ပရေတာမှ တစ်ဆင့် ဆက်သွယ်ရေးကိုဆောင်ရွက်ခဲ့ရာမှ မကြာမီ အော် တိုတယ်လီဖုန်းများ တပ်ဆင်ပြီး တိုက်ရိုက်ပြောဆို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၀၂၆)**

**မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့မဈေးကြီးရှေ့ရှိ ရေမြောင်းများ တူးဖော်မှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် ဒုတိယဦးစီးမှူး (ဈေး)ဦးတိုးအောင်လွင်တို့က ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)

## ညောင်တုန်း ကွင်းကလေး အမက ကျောင်းဆောင်သစ်ဖွင့်

**ညောင်တုန်း ဇွန် ၁**

ညောင်တုန်းမြို့နယ် မိုးဟုတ်ကျေးရွာအုပ်စု ကွင်းကလေး ကျေးရွာတွင် ကမ္ဘာကျော်ဆောက်လုပ်ရေး ဦးအောင်ခင်–ဒေါ်ရွှေခင်မိသားစုက မတည်၍ လှူဒါန်းသော ၆၆ သိန်းကျော်တန် ကွင်းကလေး အမက ကျောင်းအဆောက်အုံသစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဆရာဦးထွန်းလှိုင်၊ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်းနှင့် မိုးဟုတ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးညွန့်စိန်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**ပြောကြား**

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင် ဦးသက်လင်းတို့က အမှာစကားပြောကြားကြပြီး ကမ္ဘာကျော်ဆောက်လုပ်ရေးမိသားစုများကိုယ်စား ဦးစိုးဝင်းက လှူဒါန်းရခြင်းအကြောင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်စိန်က အကောင်အထည်ဖော်တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဆွေက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာကျော်ဆောက်လုပ်ရေး မိသားစုများကိုယ်စား ဦးစိုးဝင်းက ကျောင်းဆောင်သစ်နှင့် အလှူငွေကျပ် ၂၁၅၀၀၀ ကို မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်းသို့ ပေးအပ်ကြောင်း သိရသည်။ **(၀၉၈)**

## မြန်မာ့အသံ

**၈–၆–၂၀၀၄ (အင်္ဂါနေ့) နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ခေတ်မီပုံနှိပ်စက်များဖြင့် အဆင့်မီ ကျောင်းသုံး၊ ရုံးသုံး စာအုပ်များထုတ်လုပ်မှုအကြောင်း)

၁၁:၃၀ မြန်မာ့မှုဟန်ဓာတ်မာန် ဟောပြောချက် (မြန်မာ့ဓာတ်မာန်သမိုင်းနှင့်တိုင်းရင်းသားသူရဲကောင်းများ–နိုင်ဝေ)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (စိတ်ကျန်းမာစေဖို့–ဦးလှမင်း–ဗဟိုဝန်ထမ်းတက္ကသိုလ်)

၁၂:၂၀ ဓာတ်လမ်းပမာနားဆင်စရာ (ပွင့်တူရွက်တူ)

၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (စာတော်ပြန်ပွဲလွှမ်းရတဲ့–သာရဝေါစိုးကြည်)

**ညနေပိုင်း**

၁၆:၂၀ ကျေးလက်ဓာတ်လမ်း (အမှတ်များစွာဖြင့်သာ)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၀ ကမ္ဘာ့ဂီတ

၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (လေ့ကျင့်ခန်းဖြင့် ခန္ဓာကိုယ် အလေးချိန်ထိန်းသိမ်းနိုင်ခြင်း–ဦးဉာဏ်ထွန်း–ညွှန်မှူး–အား/ကာ)

၁၇:၅၀ သောတရှင်အတွက်ပြန်ကြားချက်

၁၉:၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် မင်းကွတ်ပင်)

၂၀:၃၀ ကလေးများအတွက် တေးသီချင်းများ

# MCC

လုပ်ငန်းခွင် အခွင့်အလမ်းအတွက် အကောင်းဆုံး သင်တန်းများ

◆ **Junior Management & Office Staff** [illegible] - (၁၅၀၀၀ိ/-)

[illegible] **Fax, Email** [illegible]

◆ **Computerised Accounting Course** [illegible] - (၁၅၀၀၀ိ/-)

[illegible] **Accpac Plus Software** [illegible]

[illegible] ဖုန်း [illegible]


## ကိုယ်စားလှယ်လွှဲစာ

**ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း**

ကျွန်မ ဒေါ်တင်သိန်း တီကျီအို-၀၇၆၀၆၉ မှ ဦးဂျူဂျူး ၇/ တငန(နိုင်) ၀၁၃၉၆၇ အား ကျောက်တန်းမြို့ ဦးကြွယ်၊ ဒေါ်ခင်မြ အမည်ပေါက်ဖြင့် လွှဲထားသော ကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်သိန်း**
**တီကျီအို-၀၇၆၀၆၉**


**အနှိုင်းမဲ့ဗုဒ္ဓ၏**
**အနှိုင်းမဲ့တရားတော်များ**
**(ဥပရိပဏ္ဏာသ)**
**ဖြန့်ချိရေး-သစ္စာမဏ္ဍိုင်စာပေ**
**၀၉-၈၀၂၁၆၈၀၊ ၃၈၃၇၅၂**


**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**

## ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| 1. | 14(T)5/MR(S&T) 2004-2005 | Over Head Communication Telephone Cable | 3300-Meters |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** - ၁-၇-၂၀၀၄(ကြာသပတေးနေ့) ၁၂း၀၀နာရီ
**ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁-၇-၂၀၀၄(ကြာသပတေးနေ့) ၁၄း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂-၆-၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၉၁၉၈၂၊၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊၆၀၅၊၆၁၂**


**Daw Khin Thawda Aung**
**English Grammar & Speaking**

This course will definitely enhance your improvement in English. If three or more learners enroll together for the course, they will be given ten percent discount.

**Special Guide for I.E.L.T.S, T.O.E.F.L, G.C.E**

No.81,Kyar Kwet Thit Street,Kyauk Myaung, Tamwe Township. Ph-556571


**ကန့်ကွက်နိုင်ပါသည်** ယာဉ်အမှတ် ၆က/၆၀၇၃ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးဆိုင်ပေါင်းနပ် ၁၃/လဝန(နိုင်) ၀၁၈၇၁၄ က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်ပေါင်း ၃၀အတွင်း ကညန၊ ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ပြည်နယ်ရုံး (လားရှိုး)။**


**အလိုရှိသည်** [illegible]

Myanmar Co., Ltd. [illegible]

1. Marketing Executive (male or female) 1 post.
   - Any Graduate.
   - High experience in Window. MS office and typing in Myanmar.
   - Age between 20 and 35 Years old.
   - Experience at least 3 years.
2. Office Executive (Female) 2 posts.
   - Any Graduate.
   - High experience in Window. MS office and Typing in Myanmar.
   - Writing, Reading and Fluent speaking in English.
   - Aged between 20 and 30.
   - More Preferred the better experience in government sectors.
3. Accountant(Female) 2posts.
   - B.Com or LCCI (III)
   - Good command of writing and reading English.
   - Aged Between 23 above.
4. Driver. [illegible]
   - [illegible]
   - [illegible]

[illegible] Rm.201, Second Floor, MGW Center, Bo Aung Kyaw St. Botataung Tsp. Yangon. [illegible]


## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၈**
**(ကွယ်လွန်သူ ဒေါ်မိုင်မွန်နာဘိ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)**

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၆လမ်း၊ အမှတ်(၁၄)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မိုင်မွန်နာဘိကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေထိန်း လက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်း ဒေါ်ခင်စန်းရီ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/မဂတ(နိုင်) ၀၃၂၅၇၇ နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ၁၂/ကတတ(နိုင်) ၀၀၉၂၃၃ ဦးအေးရာရှစ်တို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ် ဇွန် ၂၈ရက် (၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ရက်) နံနက် ၁၀နာရီ အချိန်တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်၍ ထိုကွယ်လွန်သူ ဒေါ်မိုင်မွန်နာဘိ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက် အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၀၄ ခုနှစ် ဇွန်လ ၂၈ရက် (၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၂) ရက် နံနက် ၁၀နာရီအချိန်တွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ် တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်း လက်မှတ်စာထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာ အမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူများ၏ လျှောက်လွှာအပေါ် စိစစ်ကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေလိုက်သည်။

၂၀၀၄ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မောင်**
**တ/၁၅၃၀**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။**


## စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။**


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ညီညီဟန် DGN-၀၀၈၈၂၄သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများ စိတ်ဆင်းရဲအောင် မိမိ သဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **မိခင်-ဒေါ်အေးမြင့်။**


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

[illegible] ၅။ (၁) အကွက်အမှတ်-၁၆၁(က) [illegible] (၁,၂၅) [illegible] ဦးအေးမောင် (၁၂/မဂတ(နိုင်)၀၄၃၁၅၁၀)နှင့် [illegible] (၁၀/မလမ (နိုင်) ၀၁၉၇၄၈) [illegible] (၇) ရက် [illegible]

ဦး[illegible] (၁၂/[illegible] (နိုင်) [illegible])
LEGAL ADVISER
No.(161), 38th ST., YANGON, MYANMAR.
Ph: 252829, 372900


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀**
**ရန်ကုန်တိုင်းတရားရုံး(တွဲဖက်-၂) နယ်တရားမရုံး၌**
**၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၀၂**

| | | |
|---|---|---|
| ၁။ ဦးသီဟန်မြင့် | နှင့် | ၁။ ဒေါ်ခင်မာဆွေ |
| ၂။ ဒေါ်နှင်းအိလှိုင် | | ၂။ ဦးတင်နွယ် |
| အမှတ် ၂၀၊ ခြောက်လွှာ၊ | | ၃။ ဦးသက်ဆွေ |
| ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ | | ၄။ ဦးရန်နိုင်မိုး |
| စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။ | | ၅။ ဒေါ်နွယ်နီမိုး |
| **တရားလိုများ** | | **တရားပြိုင်များ** |

၁။ ဦးသီဟန်မြင့်၊ ၂။ ဒေါ်နှင်းအိလှိုင်က တရားလိုများ၏ ဖခင် ဦးမြင့်ဆွေသည် ၎င်း၏မိခင် ဒေါ်ခင်မြ သက်ရှိထင်ရှားရှိနေချိန်ကွယ်လွန်ခဲ့သဖြင့် ကျန်ရစ်သူ ဦးမြင့်ဆွေ၏ သားသမီးနှစ်ဦးမှ အမွေမမီ၊ မြေးဝေစုရလိုမှု၊ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇွန်လ ၂၈ ရက် (၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ နံနက် ၉ နာရီခွဲတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၂ ခုနှစ် မေလ ၂၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မြင့်သိန်း**
**တွဲဖက်တိုင်းတရားသူကြီး(၂)**
**ရန်ကုန်တိုင်းတရားရုံး။**


## အမြန်ရောင်းမည်

၁။ ဦးဝိစာရလမ်းမပေါ်ရှိမြေ။

၂။ ကမ္ဘာအေးလမ်းမပေါ်ရှိမြေ။

၃။ ကမ္ဘာအေးလမ်းမပေါ်ရှိတိုက်သစ်။

**ဖုန်း-၀၉-၅၀-၀၅၀၄၈**


## သတိပေးကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း အိုလံပစ်တာဝါ(၂)အာရှနေဘဏ်လီမိတက်(ရုံးချုပ်) ကတ်ဌာနမန်နေဂျာ ဦးစန်းတင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

အာရှနေဘဏ်လီမိတက် ကတ်ဌာနတွင် CREDIT CARD သုံးစွဲခွင့်လျှောက်ထားပြီး သုံးစွဲခဲ့ရာ ဘဏ်သို့ပြန်လည်ပေးဆပ်ရန်ကျန်ရှိနေသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သိစေအပ်ပါသည်။

| [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|
| ၁ | [illegible] | [illegible] | [illegible] | Happy Palace |
| ၂ | [illegible] | [illegible] | [illegible] | Merchant |
| ၃ | [illegible] | [illegible] | [illegible] | E.T.Y Computer Group (System Engineer) |
| ၄ | [illegible] | [illegible] | [illegible] | [illegible] (M.D) |
| ၅ | [illegible] | [illegible] | [illegible] | Myat Wunn Yeik (Ent. Studio) (Designer) |
| ၆ | [illegible] | G/RDM [illegible] | [illegible] | [illegible] |
| ၇ | [illegible] | [illegible] | [illegible] | Premier Oil (Senior Technical Asst.) |
| ၈ | [illegible] | PBDM [illegible] | [illegible] | |
| ၉ | [illegible] | [illegible] | [illegible] CI Golden Valley [illegible] | --- |
| ၁၀ | [illegible] | [illegible] | [illegible] | DHL CO.,LTD.(OPS Staff) |
| ၁၁ | [illegible] | [illegible] | [illegible] | Jump Media (Manager) |
| ၁၂ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃ | [illegible] | [illegible] | [illegible] | Wealth Industrial Co.Ltd. (Director) |
| ၁၄ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၅ | [illegible] | TTN [illegible] | [illegible] | Pink Lady Restaurant |
| ၁၆ | [illegible] | [illegible] | [illegible] | Great Feel Country Pub(Owner) [illegible] |
| ၁၇ | [illegible] | [illegible] | [illegible] | May Star Co.Ltd.(Director) |
| ၁၈ | [illegible] | [illegible] | [illegible] | --- |

ဖော်ပြပါပုဂ္ဂိုလ်တို့သည် ကတ်လျှောက်ထားရာ၌ အာရှနေဘဏ်လီမိတက်နှင့် ကတ်လျှောက်ထားသူတို့သည် ဘဏ်မှခွင့်ပြုငွေပမာဏထက် ကျော်လွန်၍သုံးစွဲခွင့်မရှိကြောင်း၊ လစဉ်သုံးစွဲငွေကို လကုန်ရက်တွင် ဘဏ်ရှိမိမိ၏စာရင်းမှ ခုနှိမ်သွားမည်ဖြစ်ကြောင်း၊ ၎င်းလကုန်ရက်တွင် ငွေလုံလောက်မှုမရှိပါက နောက်လ ၁၅ ရက်အတွင်း ပေးချေရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသောငွေပမာဏထက် ကျော်လွန်သုံးစွဲပါက ၎င်းငွေကို ၇ ရက်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း ဝန်ခံ သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် ဘဏ်မှသတ်မှတ်ခွင့်ပြုငွေထက် ပိုမိုသုံးစွဲပြီး သတ်မှတ်ကာလထက် ကျော်လွန်သော်လည်း လာရောက်ပေးဆပ်ခြင်းမရှိသဖြင့် အာရှနေဘဏ်လီမိတက်(ရုံးချုပ်) ကတ်ဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် လူကိုယ်တိုင်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ သုံးစွဲငွေများ ပြေကျေစွာပေးဆပ်ရန် အကြိမ်ကြိမ်အကြောင်းကြား သတိပေးခဲ့ပါသည်။ သို့သော် အထက်ဖော်ပြပါပုဂ္ဂိုလ်တို့သည် ဘဏ်သို့ငွေများပြေကျေစွာပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေကြပါသည်။

သို့ပါ၍ အထက်ပါပုဂ္ဂိုလ်များသည် အာရှနေဘဏ်လီမိတက်(ရုံးချုပ်)ကတ်ဌာနသို့ ၁၅-၆-၂၀၀၄ ရက် နောက်ဆုံးထား၍ သုံးစွဲသည့်ငွေများ လာရောက်ပေးဆပ်ရန် အကြောင်းကြား သိစေအပ်ပါသည်။

အကယ်၍ လူကြီးမင်းတို့သည် ကျွန်ုပ်၏တိုက်တွန်းနှိုးဆော် အကြောင်းကြားခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လူကြီးမင်းတို့သည် ပဋိညာဉ်သဘောတူညီချက်များကို ချိုးဖောက်နေကြသဖြင့် တရားဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြား သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ရာစိုး**
**တရားရုံးချုပ်ရှေ့နေ**
**တရားရုံးချုပ်ရှေ့နေ အမှတ်-၁၁၈၄**

## ယန္တရားစက်ပြင်ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

| | | |
|---|---|---|
| ၁။ | B.E (Mech:) | ကျား (၅) ဦး |
| ၂။ | A.G.T.I (Mech:) | ကျား (၁၀) ဦး |
| ၃။ | B.Tech | ကျား (၅) ဦး |
| ၄။ | ဖိုမင်စက်ပြင်ဆရာကြီး | ကျား (၂) ဦး |
| ၅။ | စက်ပြင်ဆရာ | ကျား (၁၀) ဦး |
| ၆။ | ဂဟေဆက်ကျွမ်းကျင် | ကျား (၂) ဦး |
| ၇။ | လျှပ်စစ်ကျွမ်းကျင် | ကျား (၂) ဦး |

အမှတ်စဉ်(၁)အတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိရမည်။ အမှတ်စဉ်(၂)နှင့် (၃)အတွက် အတွေ့အကြုံနည်းသော်လည်း ကြိုးစားလိုသူ၊ ပညာသင်ယူလိုစိတ်ရှိသူများ အကူဝန်ထမ်းအဖြစ် လျှောက်ထားနိုင်သည်။

ကျန်အမှတ်စဉ်အားလုံးအတွက် ဒိုဇာ၊ လိုဒါ၊ စကစ်ဒါ၊ ကရိန်း စက်ပြင်အတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။ နယ်တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်၍ တောတွင်းနေရာဒေသမရွေး သွားရောက်လုပ်ကိုင်နိုင်သူဖြစ်ရမည်။ **(သစ်ထုတ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးပါမည်။)**

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ မကြာသေးမီက ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ သုံးပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ မျှော်မှန်းလစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း စာတိုက်သေတ္တာ အမှတ် ၈၈၅ သို့ လျှောက်ထားနိုင်ပါသည်။

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊ ရန်ကုန်မြို့ လင်းနို့ချေး၊ ဖယောင်းဖျက်ရောင်းချရန်
## ဈေးပြိုင်တင်ဒါကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် လင်းနို့ချေး ၂၉၄၆ ပိဿာနှင့် မီးသင့်ဖယောင်းဖျက် ၄၄၆၂ ပိဿာခန့်ရောင်းချရန် ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့်စည်းကမ်းချက်များ တစ်စုံလျှင် ၅၀၀/-နှုန်းဖြင့် ဝယ်ယူပြီး ၁၆-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီ နောက်ဆုံးထား၍ ဈေးပြိုင်ချိပ်ပိတ်တင်ဒါ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့။**

## PIAS
### MONSOON PROMOTION

PIAS အလှကုန်မှ အောက်ပါကောင်တာများတွင် ခေတ်မီကွန်ပျူတာစက်ဖြင့်-
- အသားအရေ [illegible] စမ်းသပ်ပေးခြင်း
- [illegible] မိတ်ကပ် လိမ်းခြယ်ပေးခြင်းများကို ပြုလုပ်ပေးမည်ဖြစ်ပါသည်။

| နေ့ရက် | နေရာ | အချိန် |
|---|---|---|
| 04-6-04 to 07-6-04 | M.K 333 ပြည်လမ်း (စမ်းချောင်း) | 9:00 am to 8:00 pm |
| 08-6-04 to 11-6-04 | Yuzana Plaza [illegible] | 9:00 am to 5:00 pm |
| 12-6-04 to 16-6-04 | Yuzana Centre [illegible] | 9:00 am to 7:00 pm |
| 16-6-04 to 20-6-04 | Super One [illegible] | 9:00 am to 5:00 pm |
| 18-6-04 to 21-6-04 | Super One [illegible] | 9:00 am to 5:00 pm |

| | | |
|---|---|---|
| [illegible] | Buy one | → Get Moisture Cake Sample One |
| [illegible] | Buy 3000 ks and Up | → Get TT Powder Cake Sample One |
| [illegible] | Buy Facial Foam 100 gm | → Get Facial Foam 20 gm One |
| Skincare and Others | Buy 20000 ks and Up | → Get PIAS Mirror One |
| ARTY (Professional) & Others [illegible] (Fashion Shop) [illegible] | Buy 25000 ks and Up | → Get ARTY Bag(small size) or ARTY Foundation Make up Sample One |

## ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

| | | | |
|---|---|---|---|
| ၁။ | Accountant | ဘွဲ့ရ | မ (၁)ဦး |
| ၂။ | Sale Promoter | ဘွဲ့ရ | မ (၁)ဦး |

(၁) ရာထူးအတွက် ဘွဲ့ရ L.C.C.I,Level (III)အောင်မြင်ပြီးသူ၊ လုပ်သက်အတွေ့အကြုံအနည်းဆုံးနှစ်နှစ်၊ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်ပြီး အင်္ဂလိပ်စာ အသင့်အတင့် ရေး၊ဖတ်၊ ပြောနိုင်ရမည်။ အသက်(၂၅)နှစ်မှ(၃၅)နှစ်အတွင်း ဖြစ်ရမည်။

(၂) ရာထူးအတွက်ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံနှစ်နှစ်ရှိရမည်။ ရုပ်ရည်သင့်တင့်၍ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ အသက်(၂၅)နှစ်အထက် ဖြစ်ရမည်။

အထက်ပါရာထူးနှစ်ခုလုံးအတွက် ခြောက်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ကြော်ငြာပါသည့်နေ့မှ ၁၀ ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**World Top Padamyar Co.,Ltd.**
**အမှတ် ၅၇၊ မြေညီထပ်၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်။**

**အမြန်ပြန်လာပါ** သမီး ဆန်းဆန်းလင်း အစ်မ အသည်းအသန်ဖြစ်နေတယ်၊ မောင်မောင်ကြီးလဲ ခွင့်လွှတ်တယ်။ ကိစ္စများအားလုံး ဖြေရှင်းပေးမည်။ **အဖေ ဦးတင်မောင် ၂၃၁၊ ပြည်လမ်း၊ စမ်းချောင်း။**

## ပြောင်းလဲခေါ်ပါရန်
ပျဉ်းမနားမြို့ အထက ၂ အဋ္ဌမတန်း(D)မှ (ဘ) ဦးလှဝင်းအောင်၏ သမီးမမြသက်မိုအား မရည်မွန်သက် ဟု ပြောင်းလဲခေါ်ပါရန်။
**မရည်မွန်သက်။**

## (ကမ-၃)မိတ္တူ လျှောက်ထားခြင်း
မော်တော်ဆိုင်ကယ်အမှတ် ယ/၆၈၅၅၈ Honda Dream လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။
**ကညန၊ခရိုင်ရုံး (တောင်ကြီး)**

## ဦးထင်ဇော်(ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)၏ တရားမလက်တွေ့ အသုံးချ မှတ်စုများ (၆)
**ထွက်ပြီ**
**ဖြန့်ချိရေး**–ဖိုးဝဥပဒေစာပေ၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ ဖုန်း–၇၂၁၈၂၄

[illegible]
အမှတ်စဉ်(10)(10-6-2004)မှ (16-6-2004) ထိ [illegible]
အမှတ်စဉ်(11)(19-6-2004) မှ(25-6-2004) [illegible]
[illegible] ဖုန်း 01-690264, 662129

**SSi EDUCATION** New Courses Launching
**25 % OFF**
On all computer courses
(Limited period only)
Centre I PH:248192, 241208, 512693, 248193
Add: No-208 2nd floor, Wizaya Plaza, U Wisara Road, Bahan Tsp.
Centre II PH: 246832
Add: No-69/70,1st floor, Corner of 37th & Merchant St, Pabedan Tsp.



# ခြင် ခြင်တွေ အဝေးကိုပြေးဖို့ မားစ်ပါဝါသုံးကြစို့



## ယုဇနဆောက်လုပ်ရေး
အဖွဲ့ မှ အရှေ့ / မြောက်ဒဂုံမြေကွက်များ ကို အထူးဈေးနှုန်း ဖြင့်
(၁. ၆. ၂၀၀၄ မှ ၂၀. ၆. ၂၀၀၄) ထိ ရောင်းချပေးနေပါသည်။
ဆက်သွယ်ရန် လိပ်စာ - 7,8 လမ်းဆုံ မီးပွိုင့်အနီးပြည်တောင်စုလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်။
☎- 700800,540745,540746,540747

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်စောကြည် (ကွမ်းခြံကုန်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ခြံအမှတ် ၂၆၊ဗိုလ်ရာညွှန့်လမ်း၊တိုက်(၂/ဃ)နေ (ဦးဘရှိန်–ဒေါ်စိမ်းမြ)တို့၏သမီး၊ [(ဦးစိန်အေး)(အငြိမ်းစား၊ ဒုတိယအယ်ဒီတာချုပ်၊လုပ်သားပြည်သူ့နေ့စဉ်)]၏ဇနီး၊ (ဦးသန်းညွှန့်)–ဒေါ်မြသန်း၊ (ဦးညွှန့်သန်း)၊ (ဒေါ်ခင်မြ)တို့၏ညီမ၊ ဦးအောင်ထွဋ်၊ Professor Dr.ဟန်မြင့် (Rush University Medical Centre)၊ ဒေါက်တာအေးအေးကြည်၊ ဒေါ်အေးအေးမြင့်၊ ဒေါက်တာခင်တိုး၊ ဒေါက်တာသန်းသန်းအေး၊ ဦးဉာဏ်ဝင်း၊ ဒေါ်စုစုမာတို့၏မိခင်၊ David Myint၊ William Toe၊ Jonathan Toe၊ မေသူခိုင်(အထက–၁၊ ဒဂုံ)၊ မြတ်မြတ်သင်း(အထက–၁၊ ပန်းဘဲတန်း)၊ သုထူးဇံ(အထက–၁၊ လသာ)တို့၏အဘွားသည် ၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးကြည်(ခ)လီမင်ကြည်
### SHWE YEE & LA WUN AYE CO.,LTD.
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၈/၃ထပ်)၊ လမ်းမတော်လမ်းနေ (ဒေါ်လင်ရှုပ်မင်း)၏ခင်ပွန်း၊ မတင်လှ(ခ)လီလေစွ၊ ဦးသန်းစိန်–ဒေါ်ကြော့မှူးအောင်၊ ကိုသန်းအောင်(ခ)လီတန်ကျော်၊ ကိုမောင်အေး၊ ကိုတင်မောင်ဝင်း၊ မလီလေဝှတ်(ခ) မသန်းသန်းရွှေ [မောင်ထွန်းအေး(ခ)လီတန်လင်]တို့၏ဖခင်၊ မောင်အောင်ကောင်းမိုး၏အဘိုးသည် ၆–၆–၂၀၀၄ ရက်တွင် အမှတ် ၅၂၊ ၁၇လမ်း၊ မြေညီထပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် အမှတ် ၅၂၊ ၁၇လမ်းနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ကျေးဇူးတင်ရှိခြင်း
## ဒေါ်ခင်အေးလွင်
### အသက်(၇၃)နှစ်

မိခင်ကြီးဒေါ်ခင်အေးလွင် နာမကျန်းစဉ် ဆေးရုံတက်ရောက်ကုသရာတွင် အဘက်ဘက်မှ အထူးကြပ်မတ်ကုသပေးခဲ့သော ပါမောက္ခသမားတော်ကြီးနှင့် ရွှေဂုံတိုင်အထူးကုဆေးခန်းမှ ဆရာဝန်၊ ဆရာမများကိုလည်းကောင်း၊ ၆–၆–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ရာတွင် လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဦးသိန်းဟန်
### သမဝါယမညွှန်ကြားရေးမှူးချုပ်ရုံး (အငြိမ်းစား)
### အသက်(၅၀)

ရန်ကုန်တိုင်း၊သဃ်န်းကျွန်းမြို့နယ်၊ (င/က) ရပ်ကွက်၊ အိမ်အမှတ် ၃၆၉နေ (ဦးစံလှိုင်)–ဒေါ်အေးသန်းတို့၏သား၊ (ဦးအုန်းမောင်)–ဒေါ်တင်တို့၏သားသမက်၊ဦးစိန်သောင်း–ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်စိန်မြင့်၊ (ဦးချစ်ထွန်း–ဒေါ်ခင်ညွှန့်)၊ ဦးလှိုင်–ဒေါ်မို၊ ဦးကျော်တင့်–ဒေါ်နှင်းလှိုင်၊ (ဦးကျော်ဟန်)–ဒေါ်ရင်ရွှေ၊ ဦးကျော်ဝင်း–ဒေါ်စိန်ရင်၊ ဦးကျင်ရွှေ–ဒေါ်တင်ဆန်းတို့၏ညီ/မောင်၊ဦးလှဝေ–ဒေါ်သန်းသန်းအေး၊ဦးဌေးနိုင်၊ဦးကျော်မိုးတို့၏အစ်ကို၊ဒေါ်ထွေးကြည်(M.F.T.B၊ ငြိမ်း)၏ခင်ပွန်း၊ မောင်မင်းဇင်၊ မအိဖြူဟန်တို့၏ဖခင်သည် အထက်ပါနေအိမ်၌ ၅–၆–၂၀၀၄ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးသော်တာချစ်လှ(ခ) ဦးဒေးဗစ်
### ဒဂုံ၊အထက(၁)၊ကျောင်းသားဟောင်း
### ဘီးလင်း–မိုးကုတ်
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၃၊ အခန်း ၂၀၁–၂၀၂၊ ရေကျော်လမ်းမကြီးနေ (ဦးချစ်လှ–ဒေါ်လှကြည်)တို့၏သားထွေး၊ မိုးကုတ်မြို့၊ ရွှေဘုံသာရပ်နေ (ဦးခင်မောင်မောင်–ဒေါ်တင်မြင့်) တို့၏သားသမက်၊ မိုးကုတ်မြို့နေ ဦးမျိုးမြင့်အောင်–ဒေါ်နီနီဦး၊ ဦးတင်ထွန်းကြိုင်–ဒေါ်ဝါဝါသင်း၊ Dr.မျိုးနိုင်–Dr.ဥမ္မာထွန်း၊ ရန်ကုန်မြို့နေ ဦးဇော်မျိုးနိုင်–ဒေါ်အေးအေးမာ (Aspidin Construction)၊ ဦးကျော်မိုးနိုင်–ဒေါ်စောသန္တာ၊ကိုတိုးဉာဏ်သင်း–မအေးသက်မော်ဝင်း(Turn Key Construction) တို့၏ ညီ/အစ်ကို၊ ဒေါ်ကြူကြူဇင်(ထ–၅၊ဗိုလ်တထောင်)၏ခင်ပွန်း၊ မောင်ရဲလင်းထွန်း (G.T.C)၊မအေးငြိမ်းသော်(3rd year, U.F.L, France)တို့၏ဖခင်သည် ၅–၆–၂၀၀၄ရက် မွန်းလွဲ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးဘမောင်
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အမှတ်၄၃(သုံးလွှာ)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေးရပ်ကွက်နေ ဒေါ်သီတာ၏ခင်ပွန်း၊ မောင်ဘုန်းမောင်(IX၊အထက–၁၊ဒဂုံ)၊ မောင်ရန်ပိုင်ဦး(Future Light မူကြို)တို့၏ ဖခင်သည် ၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၆–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးတင်အေး
### (ကစလ၊ငြိမ်း)
### အသက်(၇၅)နှစ်

(ဦးဘသောင်း–ဒေါ်တင်ကြည်)တို့၏သား၊ ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်၊ ဦးမြင့်သိန်းတို့၏ အစ်ကို၊ အမှတ်၂၀၇(က)၊ တိမ်ကြားမင်းခေါင်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်ခင်မေ၏ခင်ပွန်း၊ ဦးသန်းလွင်–ဒေါ်ခင်မမ၊ (ဦးအောင်ဝင်း)–ဒေါ်လှလှဝေ(ခ)ဒေါ်နန်းဝေ၊ (ဦးမျိုးဆန်း)–ဒေါ်မြင့်မြင့်သန်း၊ ဦးထွန်းအောင်–ဒေါ်မာလာကြည်၊ ဦးမောင်မောင်ဌေး–(ဒေါ်ချိုလဲ့ရည်)၊ ဦးအောင်မိုး–ဒေါ်သန်းသန်းနု(မင်္ဂလာဈေး)၊(ဒေါ်တင်မေကြည်[ခ]ဒေါ်ရွှေကြည်မေ)၊ ဦးခင်မောင်အေး–ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ မြေး၂၂ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၆–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ၁း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးမြင့်သိန်း
### (ရေယာဉ်အုပ်)
### အသက်(၄၉)နှစ်

အမှတ် ၆၉၊ သမာဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဗိုလ်မှူးကြည်ခင်(ငြိမ်း)– ဒေါ်ခင်စောလှတို့၏သား၊ ဗိုလ်ကြီးခေတ်လှိုင် (ငြိမ်း)–ဒေါ်တင်တင်နွယ်၊ မောင်ရန်နိုင်–မချို၊ မောင်ထွန်းထွန်းကြည်–မဝင်းပပ၊ မောင်ခင်လှိုင်–မဥမ္မာကြည်၊ ကိုအောင်ကြည်–မကြည်ကြည်မြင့်တို့၏ အစ်ကိုကြီး၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ် ၈၄၅၊ မြောက်ဥက္ကလာနေ ဦးဆွေတင့်–ဒေါ်ရင်ငြိမ်းတို့၏သားသမက်၊ မဥမ္မာဆွေ၊ မောင်အောင်သူရတို့၏အစ်ကို၊ မသွယ်သွယ်မြင့်(လဝက)၊ မောင်ထက်ဝေယံ၊ မောင်ကောင်းမြတ်ကျော်တို့၏ ဖခင်၊ ဒေါ်မင်းမင်းဆွေ၏ခင်ပွန်းသည် ၅–၆–၂၀၀၄ရက် (စနေနေ့) ည ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## မောင်ထင်အောင်ကျော်
### အသက်(၃၄)နှစ်

၃၉(H)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်နေ ဦးကြိုးအောင်–ဒေါ်ခင်တင့်တို့၏သားငယ်၊ (မောင်ကျော်သူအောင်)၏ညီ၊ မလေးလေးမြင့်၏အစ်ကိုသည် ၅–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ ရက်နံနက်၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်ရင်ရင်(ခ)ဒေါ်ဘေဘီ
### အသက်(၇၈)နှစ်

(ဦးလှဒန်–ဒေါ်အမာ)တို့၏သမီးကြီး၊ ဦးနီ–ဒေါ်အေးငြိမ်း၊ (ဦးကျော်ရှိန်)–ဒေါ်ချိုချိုတို့၏အစ်မ၊ အမှတ် ၂၆၀၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးထွန်းညို–ဒေါ်ခင်စန်းဝေ၊ ဦးဂျင်မီ–ဒေါ်လှလှညိုတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ကျေးဇူးတင်ရှိခြင်း

မိခင်ကြီးဒေါ်မြသိမ်း(အုတ်ဖို) နာမကျန်းစဉ်က အဘက်ဘက်မှ လိုလေသေးမရှိအောင် ကြပ်မတ်ကုသပေးခဲ့သော အထူးကုဆရာဝန်ကြီးနှင့် ရွှေဂုံတိုင်အထူးကုဆေးခန်းမှ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ၊ ကွယ်လွန်အနိစ္စရောက်ရှိချိန်မှစ၍ သင်္ဂြိုဟ်ပြီးစီးချိန်အထိ ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ ကြေးနန်း၊ အီးမေးလ်များဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကူညီဆောင်ရွက်ခဲ့ကြသော ဆရာတော်ကြီးများ၊ ဆရာသမားများ၊ ရှေ့နေချုပ်ရုံးမှ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်များနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့်ဇနီး၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ အရာထမ်း၊ အမှုထမ်းများ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်နှင့်ဇနီး၊ ဆရာဆရာမများ၊ အားကစားဝန်ကြီးဌာန၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ မြန်မာ့သစ်လုပ်ငန်း၊ တပ်မတော်အထည်ချုပ်စက်ရုံ၊ Liz Star Shipping၊ အုတ်ဖိုမြို့နယ်အသင်း၊ စမ်းချောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဥက္ကလာပစေတီတော် အမျိုးသမီးဓမ္မစကြာဝတ်အသင်း၊ မိခင်ကြီး၏ ဓမ္မမိတ်ဆွေများနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်မိရပ်ဖများ၊ သူငယ်ချင်းများအပါအဝင် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဝမ်းနည်းကြေကွဲခြင်း

Aspidin Construction Co.,Ltd. ၏ Managing Director ဦးဇော်မျိုးနိုင်–ဒေါ်အေးအေးမာတို့၏ အစ်ကိုကြီးဖြစ်သူ ဦးသော်တာချစ်လှ(ခ) ဦးဒေးဗစ်သည် ၅–၆–၂၀၀၄ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု**
**Aspidin Construction Co.,Ltd.။**

## ဦးတင်ညွှန့်
### အသက်(၇၆)နှစ်

ပျဉ်းမနားမြို့၊ ကျည်တောင်ကန်နေ (ဦးဖိုးခင်–ဒေါ်စောရင်) တို့၏သား၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၃၃/က၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ဦးကျော်ညွှန့်ဦး(တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန)၊ ဦးမောင်နီ–ဒေါ်ခင်မိမိညွှန့် (အမှတ် ၂၊ သတ္တုတွင်း)၊ ဦးတင်ဝင့်အောင် – ဒေါ်ခင်မမညွှန့် (အမက–၁၂၊တောင်ဥက္ကလာပ)၊ ဦးထွန်းမြင့်အောင်(ခ)နေရောင်(ရုပ်ပြ)–ဒေါ်မိုးမိုးအုန်း၊ ဦးဝင်းမြင့်အောင်(သျှင်ပါကူအထူးကုဆေးခန်း) – ဒေါ်ခေါ်နီမိုင်၊ ဒေါ်ခင်စိုးစိုးညွှန့်၊ ဦးမိုးကျော်စိုး–ဒေါ်ခင်မိုးမိုးညွှန့်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၅–၆–၂၀၀၄ ရက် နံနက် ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးလှမြင့် (Kenny)
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
### စက်မှုစိုက်ပျိုးနှင့်
### သက်မွေးပညာဦးစီးဌာန
### အသက်(၇၂)နှစ်

မန္တလေးမြို့နေ (ဦးဝမ်ရှိန်–ဒေါ်စီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၂၄၀၊ ကင်းဝန်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ [ဒေါ်တင်တင်အုန်း(ခ)အေးမိသွင်]၏ခင်ပွန်း၊ (ဒေါ်တင်ဦး)၊ (ဦးမြင့်သိန်း)–ဒေါ်အေးသန်းတို့၏မောင်/ညီ၊ ဦးသိန်းဝင်း–ဒေါ်ခင်မလေးတို့၏အစ်ကို၊ ဦးလွင်ထူးလှမြင့် (Sunno) (2/0 Hanseatic Shipping Co.Ltd.)–ဒေါ်စိုးစိုးအောင်(မိုမို)၊ ကိုအံ့မျိုးမင်း (Bunno)တို့၏ဖခင်၊ မသန့်ဟေမာန်လွင်၏အဘိုးသည် ၆–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## မိုးကုတ်အသင်း
## ဦးသော်တာချစ်လှ(ခ) ဦးဒေးဗစ်
### အသက်(၄၉)နှစ်

မိုးကုတ်မြို့၊ ရွှေဘုံသာရပ်နေ (ဦးခင်မောင်မောင်–ဒေါ်တင်မြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်၅၃၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ကြူကြူဇင်(ထ–၅၊ ဗိုလ်တထောင်)၏ခင်ပွန်းသည် ၅–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၆–၂၀၀၄ရက်(တနင်္လာနေ့)ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်စောကြည်
### (ကွမ်းခြံကုန်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ခြံအမှတ် ၂၆၊ ဗိုလ်ရာညွှန့်လမ်း၊ တိုက်(၂/ဃ)နေ (ဦးဘရှိန်–ဒေါ်စိမ်းမြ)တို့၏ သမီး၊ (ဦးစိန်အေး–အငြိမ်းစားဒုတိယအယ်ဒီတာချုပ်၊ လုပ်သားပြည်သူ့နေ့စဉ်)၏ဇနီး၊ (ဦးသန်းညွှန့်)၊ ဒေါ်မြသန်း၊ (ဦးညွှန့်သန်း) (ဒေါ်ခင်မြ)တို့၏ညီမ၊ (ဦးဝင်းရှိန်)–Eva Shein၊ ဦးအေးလွင်(ဗဟိုဘဏ်) – (ဒေါ်သန်းသန်းကြူ)၊ ဦးသိန်းအောင်၊ ဒေါ်ခင်အုန်းသန်း၊ ဒေါက်တာဌေးလှိုင်–ဒေါက်တာခင်သန်းတိုး၊ ဦးမြသန်း–ဒေါ်စန်းစန်းအေး၊ (ဦးတင်ထွဋ်)–ဒေါ်ခင်ခင်အုန်း(စာရင်းရုံး)၊ ဦးသန်းထွဋ်–ဒေါ်လဲ့လဲ့ဝင်း(သမဦးစီး)၊ ဦးအောင်မြင့်သန်း၊ ဦးဇော်ဝင်းသန်း–ဒေါ်ယဉ်ယဉ်နွဲ့၊ ဦးဇော်မင်း–ဒေါ်ဝင်းဝင်း၊ ဦးဇော်လင်း၊ (ဦးဝေလင်း)၊ (ဦးခိုင်မြင့်)–ဒေါ်မိုးသီတာ(အလည၊ ပျဉ်းမနား)တို့၏ အဒေါ်သည် ၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘီးလင်းမြို့နယ်အသင်း
## ဦးသော်တာချစ်လှ(ခ) ဦးဒေးဗစ်
### တွဲဖက်အတွင်းရေးမှူး
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၃၊ အခန်း ၂၀၁/၂၀၂၊ ရေကျော်လမ်းမကြီးနေ (ဦးချစ်လှ–ဒေါ်လှကြည်)တို့၏ သားထွေး၊ ရာသက်ပန်အသင်းဝင် ဒေါ်ကြူကြူဇင်(ထ–၅၊ဗိုလ်တထောင်)၏ခင်ပွန်းသည် ၅–၆–၂၀၀၄ရက် မွန်းလွဲ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

## ကိုသော်တာဝင်း (ဒါးပိန်)
### မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
### အသက်(၃၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့၊ အမှတ်၂၅၊ ကျောက်တံတားလမ်း၊ မြောက်ပိုင်းနေ ဦးစန်းမြင့်(တပ်မတော်–ရေ၊ ငြိမ်း)–ဒေါ်ခင်လှဦးတို့၏သား၊ ကိုမင်းသူ (အမကကျောင်းအုပ်)–မစန္ဒာဦး၊ ကိုအောင်ဖေသိန်း–မကြည်ကြည်မာတို့၏ညီ/မောင်၊ မမေသင်းကြူ၏အစ်ကိုသည် ၅–၆–၂၀၀၄ရက် (စနေနေ့)ည ၁၀း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇–၆–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးကံ
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၃၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးချစ်ဆွေ–ဒေါ်ကုလားမ) တို့၏သား၊ (ဒေါ်ဝ)၏ခင်ပွန်း၊ (ဦးသန်းစိန်)–ဒေါ်ရင်ရင်အေး၊(ဦးမြအောင်)–ဒေါ်ကြင်အေး၊ ဦးစိန်မြင့်–ဒေါ်ဝါဝါတို့၏ ဖခင်၊ ဦးဝင်းကြည်–ဒေါ်မိုးမိုး၊ ဦးတက်တိုး–ဒေါ်စန်းစန်းဝင်း၊ဦးဝင်းကျော်–ဒေါ်စန္ဒာအောင်၊ ဦးဝင်းနိုင်၊ ကိုဉာဏ်လင်း(Hensatic)၊ ကိုအောင်မင်းတို့၏ အဘိုး၊ မြေးရှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၆း၁၀ နာရီတွင် Green Cross ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၂၃၊ ကျွန်းတောလမ်း၊ စမ်းချောင်း နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
## ဒေါ်အုန်းမေ (ယွန်းသွယ်)
### အသက်(၈၉)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ အိမ်အမှတ် ၂၀ နေ ဦးသာဆန်း–ဒေါ်မယ်ယဉ်တို့၏သမီး၊ ဦးစံမောင် (တရားရုံးချုပ်ရှေ့နေ)–ဒေါ်သွင်သွင်အေးတို့၏မိခင်၊ ကိုဇော်ဝင်းပိုင်–မဌေးဌေးစံ၊ ဒေါ်ထားထားစံ၊ ဗိုလ်ကြီးအောင်မျိုးမြင့်–ဒေါ်ရွှေဝါမွန်၊ ဦးဝင်းတင်–ဒေါက်တာစန္ဒာအေး၊ မခင်ရူပါအေး၊ မောင်သန်းထိုက်စံ၊ မမျိုးမျိုးသိမ့်တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၆–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၂–၆– ၂၀၀၄ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍အထက်ပါ နေအိမ်သို့ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်သန်းအေး
### (စိန်ပဒေသာ၊ သာယာဝတီမြို့)
### အသက်(၈၇)နှစ်

သာယာဝတီမြို့၊ဈေးလမ်း၊အိမ်အမှတ် ၁၉ နေ (ဦးရှိုးပင်း)၏ဇနီး၊ ဦးကြည်မြင့်–ဒေါ်လွင်လွင်စန်း၊ ဒေါ်အေးအေးစန်း၊ (ဒေါ်မေဘယ်လ်စန်း)၊ ဦးဆွေဝင်း–ဒေါ်ယဉ်ယဉ်စန်း၊ ဦးစိန်လင်း–ဒေါ်နုနုအောင်၊ ဦးစိန်ကြီး–ဒေါ်ခင်မေရီ၊ ဦးစိန်လေး–ဒေါ်ခင်သန်းမြင့်၊ ဦးစိန်ထွေး–ဒေါ်ခင်စန်းလွင်၊ ဦးခင်ဝင်း–ဒေါ်နုနုစန်းတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄–၆–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ သာယာဝတီမြို့ ထောင်ကြီးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးတင်ကို
### အသက်(၆၄)နှစ်

ပဲခူးတိုင်း၊ ရွှေတောင်မြို့နေ ဦးချစ်–ဒေါ်စော တို့၏သား၊ အမှတ်၇၀၊ မေယု ၂လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နေ ဒေါ်စောရီ၏ခင်ပွန်း၊ ကိုကြည်စိုးဦး–မစန်းစန်းဌေး၊ ကိုကြည်မိုးဦး–မသန်းသန်းရှိန် တို့၏ဖခင်သည် ၆–၆–၂၀၀၄ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ရဲတပ်ကြပ်ရဲမြတ်ဝင်း
### (တိုက်ကြီးရဲစခန်း)
### အသက်(၄၄)နှစ်

အမှတ်၃၄၃၊ ဦးဥတ္တမလမ်း၊ လှိုင်သာယာမြို့နယ်နေ ဦးစိန်ဝင်း–ဒေါ်မြတ်မွန်တို့၏သားကြီး၊ ဒေါ်ခင်မိုမို၏ခင်ပွန်း၊ ဒေါ်သီမေပြာ၏မောင်၊ ဦးရဲထွဋ်ဝင်း–ဒေါ်သင်္ဂီမင်း၊ ဦးလွင်မိုးအောင်–ဒေါ်သီတာဆွေတို့၏အစ်ကို၊ ကိုဗိုလ်ဗိုလ်မင်း–မအင်ကြင်းငြိမ်ဝင်း၊ ကိုသန့်ဇော်ဦး–မခိုင်ယင်းမာဝင်း၊ မလှိုင်ဂန္ဓမာဝင်း(အထက–၁၊ လှိုင်သာယာ)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၆–၆–၂၀၀၄ရက် မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ အာဒိစ္စ
### နိုင်ငံတော်သြဝါဒါစရိယ
### အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သုမ္မောဂိုဏ်း
### သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ

ရန်ကုန်တိုင်း၊ ရန်ကုန်(တောင်ပိုင်း)ခရိုင်၊ သုံးခွမြို့၊ အမှတ်(၃)ရပ်ကွက်၊ လောကမာရဇိန် ကျောင်းသစ်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာဒိစ္စသည် ၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၅–၆–၂၀၀၄ ရက်(စနေနေ့)နံနက်၃း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ရက် ၉–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက်အတွင်း၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနကော်မတီနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ။

## ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
## ဒေါ်တင်တင်အေး
### (အငြိမ်းစားဆရာမ၊ ပဲခူးနှင့်ညောင်လေးပင်)
### အသက်(၇၂)နှစ်

ပဲခူးမြို့နေ (ဦးလှတင်–ဒေါ်သန်းရှင်)တို့၏သမီးကြီး၊ ညောင်လေးပင်မြို့နေ (ဦးသောင်းတင်–ဒေါ်ထွေးထွေး)တို့၏သမီးချွေးမ၊ (ဦးတင်ငွေ) မြို့နယ်ပညာရေးမှူး(ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်သောင်း–ဒေါ်ခင်ခင်စု၊ ဦးမြင့်ဝင်း–(ဒေါ်မမကြီး)တို့၏ညီမ၊ ဒေါ်တင်တင်မြင့်၊ ဦးပြည်ညွှန့်–ဒေါ်တင်တင်ဦး တို့၏အစ်မ၊ ဦးဝင်းမော်(သစ်တောဦးစီးဌာန)–ဒေါ်ခိုင်မေဦး၊ ဦးသန့်ဇင်(ဓာခြည်မင်းဆေးစတိုး)–ဒေါ်ခင်သန့်ထူး၊ ဦးမောင်မောင်ကျော် (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)–ဒေါ်သစ်သစ်ခိုင်(DBE-1)၊ ဦးအောင်ကျော်ဦး–ဒေါ်အေးအေးသန့်၊ မဇင်စုလှိုင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၆–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၆၅ (A-4)၊ ၉၃ လမ်း၊ ကန်တော်ကလေးနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာ
## ဦးသော်တာချစ်လှ(ခ)
## ဦးဒေးဗစ်
### ဒဂုံအထက–၁၊
### ကျောင်းသားဟောင်း
### ဘီးလင်း၊ မိုးကုတ်
### အသက်(၄၉)နှစ်

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တပညောဘာသ၊ ဘီးလင်းမြို့ မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ မေဓိသရ၊ဘီးလင်းမြို့ ရွှေလေ့တောင်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂရတို့၏ ရဟန်းဒါယကာ၊ ရန်ကုန်မြို့၊ အမှတ် ၅၃၊ အခန်း ၂၀၁/၂၀၂၊ ရေကျော်လမ်းမကြီးနေ (ဦးချစ်လှ–ဒေါ်လှကြည်) တို့၏ သားထွေး၊ (ဦးဘိုနီ–ဒေါ်ဖွားခင်) မြိတ်၊ (ဦးဘအောင်–ဒေါ်သိန်းဟန်)ဘီးလင်းတို့၏မြေး၊(ဦးပါ–ဒေါ်တင်နု)၊(ဒေါ်ထားကြည်)၊ ဒေါ်ခင်ခင်၊(ဦးသိန်းတန်)–ဒေါ်ခင်ကြည်၊(ဦးလှမောင်– ဒေါ်အေးသွင်)တို့၏တူ၊ ဦးအောင်နိုင်စိုး–ဒေါ်ခင်စိုးသူ၊ တူ၊တူမ ၁၁ ယောက်တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုးလေးသည် ၅–၆–၂၀၀၄ ရက် မွန်းလွဲ ၁၂း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၇–၆–၂၀၀၄ရက်ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ကိုမောင်မောင်ငြိမ်းချမ်း
### အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၁ လမ်း၊ အမှတ် ၁၁၀၁နေ (ဦးတင့်)–ဒေါ်ဝဲတို့၏မြေး၊ ဦးမောင်မောင်(စား/ဖျော်–ငြိမ်း)၊ ဒေါ်ခင်အုန်းမြင့်တို့၏သားကြီး၊ ကိုမောင်မောင်သစ္စာ၏အစ်ကို၊ မအေးချမ်း၏ခင်ပွန်းသည် ၅–၆–၂၀၀၄ ရက် (စနေနေ့)မွန်းတည့်၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ကျောင်းဒါယကာ
## ဦးခွေးလေး(ခ)ရှာမွန်ခွေး
### (ပုသိမ်)
### အသက်(၇၆)နှစ်

ပုသိမ်မြို့၊ အမှတ်(၁) တရုတ်ကျောင်းလမ်းနေ (ဦးတန်နား–ဒေါ်ဆိုက်ယား)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၃၉၊ လမ်းမတော်လမ်း (ပထပ်)နေ ဦးသိန်းအောင်–ဒေါ်ခင်ဝေ၊ အင်းစိန်မြို့မ၊ ၉ကွက်သစ် ၂လမ်းနေ ဦးထွန်းအောင်–ဒေါ်သန်းသန်းအေး၊ ပုသိမ်မြို့နေ ဦးသိန်းထူး–ဒေါ်စန်းရီ (ပမ္မဝတီတည်းခိုခန်း)၊ ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာနေ ဦးနေစိုး–မအေးအေးခိုင်၊ ရန်ကုန်မြို့၊ ၁၂လမ်း၊ ၂၃နေ ဦးမြင့်ထွန်း–ဒေါ်စန်းစန်း၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိရိပ်သာ ၃လမ်းနေ ဦးမြင့်ဝင်း–ဒေါ်ဆွေဆွေအေး၊ ပုသိမ်မြို့နေ မအေးအေးနွဲ့၊ မနွယ်နွယ်ဇင်၊ ကိုတင်ထွေး–မစန်းစန်းဦး၊ မဖြူဖြူသိမ့်တို့၏ ဖခင်၊ မြေး ၁၅ယောက်တို့၏ အဘိုးသည် ၆–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၂၁၀၊ ရန်ကုန်အင်းစိန်လမ်း၊လှိုင်မြို့နယ်နေအိမ်မှ ကားများနံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးတင်အောင်(ငြိမ်း)
### OTS (8)
### အသက်(၇၄)နှစ်

(ဦးကြင်စိန်–ဒေါ်သိန်းတင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ သီရိလမ်း၊အမှတ် ၃/၄ နေ ဒေါ်ညွှန့်ညွှန့်အေး၏ခင်ပွန်း၊ ဦးမင်းအောင်သူ(အင်ဂျင်နီယာမှူး၊ဒဂုံတက္ကသိုလ်)၊ ဒေါ်မွှေးမွှေး၊ ဦးအောင်မြင့်(ဒု–ပါမောက္ခချုပ်၊မုံရွာစီးပွားရေးတက္ကသိုလ်)–ဒေါ်ချိုချိုအောင်(အင်ဂျင်နီယာမှူး–မြန်မာ့ရုပ်/သံ)၊ ဦးမြင့်စိန်–ဒေါ်ယဉ်မေအောင်(ဦးစီးအရာရှိ၊ စိုက်/မွေး)၊ ဦးဇော်လင်း–ဒေါ်မြင့်မြင့်အောင်၊ ဦးမင်းကျော်သူ–ဒေါ်ဝါဝါထွန်း၊ ဗိုလ်ကြီးထွန်းနေအောင် (တပ်မတော်–ရေ)–ဒေါ်ဝင်းအိသန်းတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၆–၆–၂၀၀၄ရက်နံနက် ၀၀း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးသော်တာချစ်လှ(ခ)
## ဦးဒေးဗစ်
### ဒဂုံအထက(၁)၊ကျောင်းသားဟောင်း
### ဘီးလင်း၊ မိုးကုတ်
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၃၊ အခန်း ၂၀၁/ ၂၀၂၊ ရေကျော်လမ်းမကြီးနေ (ဦးချစ်လှ–ဒေါ်လှကြည်)တို့၏သားထွေး၊ မိုးကုတ်မြို့၊ ရွှေဘုံသာရပ်နေ (ဦးခင်မောင်မောင်–ဒေါ်တင်မြင့်)တို့၏ သားသမက်၊ ဦးစိုးသိန်း–ဒေါ်ခင်သန်းစီ၊ ဦးအေးသိန်း–ဒေါ်လှလှတင်၊ ဦးညီညီချစ်လှ၊ ဦးထွေးကြည်–ဒေါ်ခင်သီတာတို့၏ ညီ/မောင်၊ ဒေါ်ကြူကြူဇင်(အထက–၅၊ဗိုလ်တထောင်)၏ခင်ပွန်း၊ မောင်ရဲလင်းထွန်း(G.T.C)၊မအေးငြိမ်းသော်(3rd year၊ U.F.L, France) တို့၏ဖခင်သည် ၅–၆–၂၀၀၄ ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၆–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရွှေပြည်သာတံတားပေါ်မှ ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာ စက်မှုမြို့ ရွှေလင်ပန်း စက်မှုမြို့တို့၏ စက်ရုံ၊ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးစဉ်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောင်းဆောင်သစ်ဖွင့်ပွဲများတက်ရောက်ချီးမြှင့် ရွှေပြည်သာစက်မှုဇုန်နှင့်လှိုင်သာယာစက်မှုဇုန်များ တိုးတက်ဖြစ်ထွန်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၆

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်းတို့၏ တိုးချဲ့ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

*စာမျက်နှာ ၈ ကော်လံ ၁* ●

## လက်တွဲဝန်းရံ အမျိုးသားညီလာခံ

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇွန် ၆

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်များအရ လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့ အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၂ဒသမ ၀၉လက်မနှင့် ကျောက်ဆည်မြို့၌ ၁ ဒသမ ၆၁ လက်မတို့ဖြစ်ကြောင်း သိရသည်။**

*စာမျက်နှာ ၁၃ ကော်လံ ၄* ❐

## ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

# နာမည်ကြီး ပော်လန်က အိုင်ယာလန်ကိုအရှုံးပေါ် အင်္ဂလန်က အိုက်စလန်ကို ခြေစွမ်းပြအနိုင်ရ

## ကိုထွေး-စုစည်းတင်ပြသည်

**ရန်ကုန် ဇွန် ၆**

၂၀၀၄ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ (EURO-2004)ကို ဇွန် ၁၂ ရက်မှ ဇူလိုင် ၄ ရက်အထိ ပေါ်တူဂီနိုင်ငံ၌ ကျင်းပတော့မည်ဖြစ်ရာ ပွဲကြီးပွဲကောင်းများ ကြည့်ရှုခွင့်ရရန် နီးကပ်လာပြီဖြစ်သည်။ အိမ်ရှင် ပေါ်တူဂီအသင်းနှင့်အတူ ခြေစစ်ပွဲအောင်အသင်း ၁၅ သင်းတို့သည် ပြိုင်ပွဲအကြို ပြင်ဆင်လေ့ကျင့်မှုများကို အချောသပ်လုပ်ဆောင်နေကြပြီး ဘောလုံးဝါသနာရှင်များ အနေဖြင့်လည်း ပွဲကြို သတင်းများကို အာရုံစိုက်

***စာမျက်နှာ ၁၃ ကော်လံ ၁*** ■

**အင်္ဂလန်နှင့်အိုက်စလန် ခြေစမ်းပွဲတွင် အင်္ဂလန်အသင်းအတွက် နှစ်ဂိုး သွင်းယူပေးသူ လူငယ်တိုက်စစ်မှူး ဝိန်းရူနီအား ဒုတိယဂိုးသွင်းယူပြီးနောက် အောင်ပွဲခံပျော်မြူးနေသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)**

## နှစ်ထပ်တိုးချဲ့ဆောင်သစ်

လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို တွေ့ရစဉ်။

**(သတင်းစဉ်)**

## ရောမလက်ဆွဲအိတ်ကြီး

တရုတ်နိုင်ငံ ရှန်ဟဲမြို့ စီးပွားရေးရပ်ကွက်ရှိ ကုန်တိုက်ကြီးတစ်ခုအပြင်ဘက်၌ ပြသထားသော အလွန်တရာကြီးမားသည့် ရောမလက်ဆွဲအိတ်ကြီးရှေ့မှ တရုတ်အမျိုးသားတစ်ဦး ရေပုံးများထမ်းလျက် ဖြတ်လျှောက်သွားစဉ်။ **(အပေါ်ပုံ)** စီးပွားရေးတိုးတက်မှုကို အမိအရဖမ်းယူပြီး ကြီးပွားချမ်းသာအောင်ကြိုးပမ်းနေသော တရုတ်မြို့ကြီးများသို့ နိုင်ငံတကာဒီဇိုင်းအမှတ်တံဆိပ်များ စုပြုံဝင်ရောက်လာလျက်ရှိသည်။ **(ရိုက်တာ)**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### သောကြာဂြိုဟ်(ဗီးနပ်စ်)နေနှင့်ကမ္ဘာကြားမှဖြတ်

ဆာလ်ဖျူရစ်အက်စစ်ဖွဲ့စည်းမှုများရှိရာ သောကြာဂြိုဟ်(ဗီးနပ်စ်)ကို ဤသို့ တွေ့ရသည်။ **(အောက်ပုံ)**

အဆိုပါ သောကြာဂြိုဟ်(ဗီးနပ်စ်)သည် အင်္ဂါနေ့က ကမ္ဘာဂြိုဟ်နှင့် နေကြားမှ ဖြတ်သွားသည်ဟု ဆိုသည်။ ယနေ့ အသက်ရှင် နေထိုင်သူ တစ်ဦး တစ်ယောက်မျှ မမြင် မတွေ့ဖူး သေး သော မြင်ကွင်း ဖြစ်သည်။



**(အင်တာနက်)**